# ကြေးမုံ

## The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်၊ အင်္ဂါနေ့။ Tuesday, 17 September 2024 ၁၁၅၈၃


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ဖွားစောကျေးရွာအနီးရှိ ဖေယျာဝတီ(ဇယဝေရီ)ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေလှောင်ကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

## ရေလှောင်ကန်များအားလုံး၏ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက်ရေိယာတစ်လျှောက် လမ်းကြောင်းများအတွင်း ရေကြောင်းပိတ်ဆို့မှု မရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်မှုမရှိစေရေး ရှေးဟောင်းကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့


ယနေ့ ဖတ်စရာ

**ပညာရေးဒီဂရီကောလိပ်များတွင် အခြေခံပညာရေးကဏ္ဍအတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ ပိုမိုပြုစုပျိုးထောင်မွေးထုတ်ပေး** စာမျက်နှာ » ၁၀

**ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တော အပိုင်း(၁)နှင့် အပိုင်း(၂) သတ်မှတ်** စာမျက်နှာ » ၁၁

**တရားမရှိအယူများ၏ အမုန်းတရား အာဃာတများ မတိုးပွားစေရန် .....** ဆောင်းပါး စာမျက်နှာ » ၁၂



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၃ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# တော်သလင်းလပြည့်နေ့ ဂရုဓမ္မသီလဆောက်တည်

လူတိုင်းလူတိုင်း လိုက်နာစောင့်ထိန်းအပ်သော အကျင့်တရားမှာ ငါးပါးသီလဖြစ်သည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ အများဆုံးယုံကြည်ကိုးကွယ်ဆည်းကပ်သောနိုင်ငံဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်အပေါင်းတို့ လိုက်နာစောင့်ထိန်းကြသော ငါးပါးသီလသည် ဂရုဓမ္မသီလပင်ဖြစ်သည်။ အမျိုးကောင်းသားသူတော်ကောင်းအပေါင်းတို့ အရေးတယူ ဂရုတစိုက် ကျင့်သုံးကြသောသီလဖြစ်၍ ဂရုဓမ္မသီလဟု ခေါ်တွင်ခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင် ပါရမီဖြည့်စဉ် ဘဝဟောင်းတစ်ခုတွင် ကုရုတိုင်းသားတို့ စောင့်ထိန်းကြသော သီလဖြစ်သောကြောင့် ကုရုဓမ္မ၊ ဂရုဓမ္မသီလဟု ခေါ်ဆိုလာခြင်းဖြစ်သည်။ ဘုရားအလောင်း ဓနဉ္စယမင်းကြီး အုပ်ချုပ်သော ကုရုတိုင်းတွင် မင်းနှင့်တကွ ပြည်သူ ပြည်သားအားလုံး ဂရုဓမ္မသီလစောင့်ထိန်းကြသဖြင့် စားမှု၊ နေမှုမှအစ သာယာဝပြောခဲ့သည်။ ထိုစဉ်က ကလိင်္ဂတိုင်း၌ မိုးခေါင်၍ ပြည်သူအများ စားဝတ်နေရေးကျပ်တည်းကာ ဒုက္ခမျိုးစုံရောက်ကြသည်။ ဓနဉ္စယမင်းကြီးက ကလိင်္ဂတိုင်းမှ မင်းနှင့်တကွ ပြည်သူအားလုံး ဂရုဓမ္မသီလကို လိုက်နာစောင့်ထိန်းကြရန် လမ်းညွှန်ခဲ့သည်ကို လိုက်နာဆောင်ရွက်ခဲ့ကြသဖြင့် ကလိင်္ဂတိုင်းတွင် မိုးလေဝသမှန်ကန်ပြီး စားရေရိက္ခာပြည့်စုံကာ အေးချမ်းသာယာလာခဲ့သည်။

ဂရုဓမ္မသီလ စောင့်ထိန်းရန်အတွက် ဘုရားအလောင်း ဓနဉ္စယမင်းကြီး တိုက်တွန်းချိန်သည် မိုးတွင်းကာလဖြစ်သည်။ ထိုအချက်ကို အလေးအမြတ်ထား၍ မြန်မာပြည်တွင် ဝါတွင်းသုံးလအပါအဝင်ဖြစ်သည့် မိုးတွင်းကာလ တော်သလင်းလအတွက် ဘာသာရေးအထိမ်းအမှတ် အခါတော်နေ့အဖြစ် ဂရုဓမ္မအခါတော်နေ့ကို သတ်မှတ်ကျင်းပလေ့ရှိသည်။ ရှေးမြန်မာဘုရင်တို့သည် မြတ်ဗုဒ္ဓဟောကြားသည့် ရာဇအပရိဟာနိယမတရား ခုနစ်ပါးနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်ကြသည်။ ထိုတရားတော်၌ ရှေးမင်းအစဉ်အဆက် လိုက်နာကျင့်သုံးအပ်သော ထုံးတမ်းအစဉ်အလာများကို မပယ်ဖျက်ရ၊ လိုက်နာကျင့်သုံးရမည့် တာဝန်ရှိသည်ဟု ပါရှိသည်။

ထို့ကြောင့် မင်းတုန်းမင်းကြီးလက်ထက်အထိ ကျင်းပခဲ့သော ဂရုဓမ္မအခါတော်နေ့ကို ကုန်းဘောင်နောက်ဆုံးမင်းဆက် သားတော် သီပေါမင်းလက်ထက်တိုင် ကျင်းပခဲ့သည်။ ဂရုဓမ္မအခါတော်နေ့သည် တော်သလင်းလပြည့် အခါတော်နေ့ သက်သက်မဟုတ်ပေ။ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လတို့၏ ဘာသာရေးဆိုင်ရာ အခါတော်နေ့ သို့မဟုတ် ဝါတွင်းကာလ အခါတော်နေ့အဖြစ် ထူးခြားစွာကျင်းပခဲ့ကြောင်း တွေ့ရသည်။ ဂရုဓမ္မအမိန့်တော်ကို နှစ်စဉ် ဝါဆိုလဆန်း ၁ ရက်နေ့တွင် ဘုရင်မင်းမြတ်က အမိန့်ထုတ်ပြန်ပြီးနောက် ရွှေပြည်တော်မြို့တွင်း မြို့ပြင်မကျန် အရပ်ရပ်ပြည်သူများသိစေရန် ဝါဆိုလဆန်း ၅ ရက်နေ့တွင် လှည့်လည်ကြေညာသည်။

"ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ ယခုဝါဆိုလရောက်ပြီ။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့အိမ်ရာပြစ်မှားခြင်း၊ မဟုတ်မမှန်သောစကားကိုဆိုခြင်း၊ သေရည်သေရက်ကိုသောက်ခြင်း တရားငါးပါးကို မကြဉ်မရှောင်ပြုကုန်သောသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံ၌ တလူးလာလာ နစ်မွန်းကုန်ရရှာသည်။ ဤတရားငါးပါးကို ရှောင်ကြဉ်၍ အလှူပေးခြင်း၊ သီတင်းသီလဆောက်တည်ခြင်းကို ပြုသောသူတို့သည် လူမင်း၊ နတ်မင်းစည်းစိမ်ကို ခံစားရ၍ နတ်ရွာနိဗ္ဗာန်ချမ်းသာသို့ ရောက်ရသည်ကို အသင့်နှလုံးသွင်းလျက် သရဏဂုံသုံးပါး၊ ပဉ္စသီလငါးပါး၊ အဋ္ဌသီလရှစ်ပါးကို မပြတ်ဆောက်တည်ကြကုန်"ဟု အမိန့်တော်ပြန်သည်။

မင်းနှင့်တကွ အများပြည်သူ ကိုယ်ကျင့်တရားကောင်းစေရန်၊ အကျင့်သီလကို ဆောက်တည်ကြရန် ဘုရင့်အမိန့်တော်ဖြင့် သတိပေးနှိုးဆော်ခဲ့သည့် ကောင်းမြတ်သည့် အစဉ်အလာတစ်ခုဖြစ်သည်။ မင်းနှင့်တကွ ပြည်သူများကလည်း လိုက်နာကျင့်သုံးကြသဖြင့် တိုင်းပြည်အေးချမ်းသာယာဝပြောသည့် အကျိုးကျေးဇူးများကို ရရှိခံစားခဲ့ကြရသည်။ မျက်မှောက်ကာလတွင် ဒုက္ခမျိုးစုံ ကြုံတွေ့နေကြသည်မှာတော့ အမှန်ပင်ဖြစ်သည်။ ဂရုဓမ္မသီလ ကိုယ်ကျင့်တရားများ စောင့်ထိန်းမှု ပါးလျားလာသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ဘာသာသာသနာ ယဉ်ကျေးမှုပြိုကွဲကာ နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာမည့်အန္တရာယ်များကို ကာကွယ်နိုင်ဖို့ဆိုလျှင် ကိုယ်ကျင့်သီလ ကိုယ်စီကောင်းအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံ၏ အသက်ဖြစ်သည့် ထေရဝါဒဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ရေးနှင့် ဘာသာရေးအခြေခံသည့် ယဉ်ကျေးမှုအစဉ်အလာများ အားကောင်းနေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ဂရုဓမ္မသီလ ကိုယ်ကျင့်တရားများ အားကောင်းလာအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ မှေးမှိန်ပျောက်ကွယ်နေသော ဘာသာရေးအနှစ်သာရရှိသည့် ဂရုဓမ္မသီလကဲ့သို့ အခါတော်နေ့များ ပြန်လည်ဖော်ထုတ် ရှင်သန်ထွန်းကားအောင် ပြုလုပ်ပေးရန်လိုအပ်သည်။ အနာဂတ်မျိုးဆက်သစ်များကို သွန်သင်လမ်းမှန်ပြပေးကြရမည်ဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာ၏ ဂုဏ်ကျေးဇူးဖြင့် ကိုယ်ကျင့်သီလများ စောင့်ထိန်းကြပြီး နိုင်ငံတော် အေးချမ်းသာယာဝပြောအောင်၊ စာပေနှင့် ယဉ်ကျေးမှုမြင့်မားပြီး နိုင်ငံနှင့် လူမျိုး ကမ္ဘာ့အလယ်တွင် တင့်တယ်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၆၆၁၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၆-၉-၂၀၂၄) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၈-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၉-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၆,၆၁၈ ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၂၆ ရာခိုင်နှုန်း ဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၄၉ | ၄၃၆,၁၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၅၃၇ | ၁,၈၅၂,၉၀၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၁၇၄ | ၃၁၅,၁၀၀ |
| TMH | ၂,၈၀၀ | ၂,၇၀၀ | ၁,၂၂၁ | ၃,၃၆၆,၆၅၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၁,၀၄၇ | ၁,၇၈၂,၃၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၃၃၄ | ၁,၅၀၃,၀၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၂၃၆ | ၈၁၄,၂၀၀ |
| MADPL(PLB) | ၃၇,၀၀၀ | ၃၇,၀၀၀ | ၁၀၀ | ၃,၇၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

### မြကန်ရေလှောင်တမံ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာသက္ကရာဇ် ၄၅၀ ခုနှစ်၊ ခရစ်နှစ် ၁၀၈၈ ခုနှစ်၊ ပုဂံခေတ် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျန်စစ်သားမင်းကြီး တည်ဆောက်ခဲ့သည့် မြကန်ရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမတွင် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန် ၉၁ ကန်အနက် တူးဖော်ပြီး၊ တူးဖော်ဆဲ၊ ဆက်လက်တူးဖော်ရန်ကျန်နှင့် တူးဖော်ရန်မလိုသည့် ရေကန်များ၏ အခြေအနေများ၊ ဝန်ကြီးဌာနများမှ တာဝန်ယူ ဆောင်ရွက်သည့် ရေကန်များနှင့် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ဆောင်ရွက်သည့် ရေကန်များ၏ အခြေအနေများ၊ ရေဝင်ရေထွက်လမ်းကြောင်းများကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထားရှိသောကြောင့် ရာဂီမုန်တိုင်းဖြစ်ပေါ်ခဲ့ချိန် မိုးသည်းထန်စွာရွာသွန်းခဲ့ချိန်၌ သတ်မှတ်လမ်းကြောင်းများ အတိုင်းစီးဝင်ခဲ့မှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မိုးရေချိန် စုစုပေါင်း ၁၀ ဒသမ ၇၁ လက်မအထိ ရှိခဲ့သော်လည်း ရေဝင်ရေထွက်လမ်းကြောင်းများရှင်းလင်းခြင်းနှင့် ရေကန်များကို ကြိုတင်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထားရှိသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း မရှိဘဲ သတ်မှတ်လမ်းကြောင်းများနှင့် ရေကန်များအတွင်းသို့ စီးဝင်ခဲ့မှု၊ မိုးသည်းထန်စွာရွာသွန်းခဲ့ချိန်၌ သာသနာရေးဆိုင်ရာ အဆောက်အအုံ ၁၂ ခုသာ မိုးရေစိမ့်ဝင်မှုကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့ပြီး ရေဝင်ရေဝပ်မှုကြောင့် ပျက်စီးခဲ့ခြင်းမရှိသည်ကို တွေ့ရှိရသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် မေလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့လာရောက်စဉ် ပုဂံဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေဝင်ရေထွက် ကောင်းမွန်စေရေးအတွက် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြကန်ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ မြကန်တမံအား ဘူမိရူပဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအရ ရေစိမ့်ယိုမှုအနည်းငယ်နှင့် ရေငွေ့ပြန်မှု များပြားခြင်းတို့ကြောင့် ရေသိုလှောင်ထားနိုင်မှု နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများနှင့် ရေဝင်လမ်းကြောင်းများကို ရှင်းလင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြကန်အတွင်း ရေဝင်ရောက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြကန်သည် သမိုင်းတွင် ထင်ရှားခဲ့သည့် ကန်ကြီးဖြစ်သည့်အတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရေယိုစိမ့်မှုမရှိစေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ ရေဝင်ရေထွက် ကောင်းမွန်စေရေး အဓိကထား ဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက တုရင်တောင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တုရင်တောင်ကြော အပါအဝင် ပုဂံဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရှေးဟောင်းနေရာများနှင့် ကင်းလွတ်သည့်နေရာများတွင် သစ်ပင်များစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းမှု၊ မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့၌ ၂၀၂၄ ခုနှစ် မိုးရာသီတွင် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းများ တည်ဆောက်ထားမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်၊ သစ်တောများ စိုက်ပျိုးရာတွင် သမားရိုးကျစိုက်ပျိုးသည့် နည်းစနစ်များအပြင် သစ်ပင်သစ်တောထု ရရှိစေရေးအတွက်လည်း နည်းလမ်းများရှာဖွေ၍ စိုက်ပျိုးကြရန် လိုအပ်မှုများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြကန်ရေလှောင်တမံ ဧရိယာအတွင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ဇေယျဝတီ(ဇယဝေရီ)ကန်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ဖွားစောကျေးရွာအနီးရှိ ဇေယျဝတီ(ဇယဝေရီ)ကန်သို့ ရောက်ရှိကြရာ ရေဝင်ရောက်နေမှု အခြေအနေများနှင့် ရေဝင်ရောက်ရာ လမ်းကြောင်းတွင် နုန်းစစ်ကန်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် ရေဝင်ရောက်ရာ လမ်းကြောင်းများအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေး၊ ရေကန်ကြွခိုင်မှုအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

### မင်္ဂလာကန်အမှတ်(၃) (မွန်းတိမ်းကန်)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနောက်ဖွားစောကျေးရွာအနီးရှိ မင်္ဂလာကန်

စာမျက်နှာ ၄ သို့ »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြကန်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။




ဇေယျဝတီ(ဇယဝေရီ)ကန် ပြုပြင်ပြီးစီးမှု(ဝဲပုံ)နှင့် ရေဝင်ရောက်နေမှု(ယာပုံ)ကို တွေ့ရစဉ်။




မြကန်ရေလှောင်တမံ ပြုပြင်ပြီးစီးမှု(ဝဲပုံ)နှင့် ရေဝင်ရောက်နေမှု(ယာပုံ)ကို တွေ့ရစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ်။

# ပညာရည်မြင့်မားရေးသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နိုင်ရေး ပံ့ဖော်နေခြင်းပင်ဖြစ် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူ များအား ပုဂံရှေးဟောင်းယဉ်ကျေး မှုနယ်မြေ ပုဂံယဉ်ကျေးမှုပြတိုက်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာများကို ဆွေးနွေးပြော ကြားသည်။

**ညောင်ဦးခရိုင်ဆိုင်ရာ အချက် အလက်များနှင့် လုပ်ငန်းဆောင် ရွက်မှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ညောင်ဦးခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေး မှူး ဦးစောထွန်းဝင်းက ညောင်ဦး ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိမှု၊ ဌာနဆိုင်ရာအလိုက် လုပ်ငန်းတာဝန်များ ထမ်းဆောင် လျက်ရှိမှု၊ မြေအသုံးချမှု၊ မိုးရွာသွန်း မှုနှင့် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရာသီ အလိုက် သီးနှံများ စိုက်ပျိုး ထုတ်လုပ်လျက်ရှိမှု၊ ဆီထွက်သီးနှံ များအား အထူးဇုန်များဖြင့် စိုက်ပျိုး လျက်ရှိမှု၊ ဒေသတွင်းဆန်နှင့် ဆီ ဖူလုံမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေများထုတ်ချေး ပေးထားမှုနှင့် ပြန်လည်ပေးဆပ်မှု၊ ဆည်တာတမံများ တည်ရှိမှု၊ သောက်သုံးရေ လုံလောက်စွာရရှိ ရေးဆောင်ရွက်ပေးထားမှု၊ စက်မှု ကုန်ထုတ်လုပ်ငန်းများ ဆောင် ရွက်လျက်ရှိမှု၊ ဒေသအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှု၊ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိမှု၊ အခြေခံပညာကျောင်း များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ မှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ပေး လျက်ရှိမှု၊ လမ်းများ အဆင့်မြှင့် တင်ဆောင်ရွက်လျက်ရှိမှု၊ ပုဂံ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ အတွင်းရှိ ရေကန်များအတွင်း ရေဝင်ရောက်မှု၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရှေးဟောင်း အဆောက်အဦတချို့ ထိခိုက်ခဲ့ မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် က ညောင်ဦးခရိုင်အတွင်း သီးနှံ များ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထား ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းစဉ်ကူးပြောင်းမှု မြင့်မားရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသ ထုတ်ကုန်များဖြင့် MSME လုပ်ငန်း များ တိုးတက်ရေးဆောင်ရွက် လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

**ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ် ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦး လွင်၊ ဦးလှမိုးနှင့် ဦးမျိုးသန့်တို့က ညောင်ဦးခရိုင်အတွင်း ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိမှု၊ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော် ထိန်းသိမ်း ဆောင်ရွက်လျက်ရှိမှုနှင့် ပုဂံ ညောင်ဦးဒေသအတွင်း လမ်း အဆင့်မြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းများ ကို လမ်းအင်္ဂါရပ်များနှင့်ညီစေရန် နှင့် လမ်းညွှန်အမှတ်အသားများ စနစ်တကျဆောင်ရွက်ရန် လိုအပ် မှု၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်းရှိ စေတီပုထိုး များ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်း ဆောင်ရွက်လျက်ရှိမှု များကိုလည်းကောင်း၊ မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာ ရေးဝန်ကြီးက ညောင်ဦးမြို့နယ် အတွင်း မြို့သန့်ရှင်းသာယာလှပ စေရေး ဆောင်ရွက်ထားရှိမှု၊ လူသွားလမ်းများ စနစ်တကျရှိစေ ရေး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိမှု အခြေ အနေများနှင့် ပတ်သက်၍လည်း ကောင်း ရှင်းလင်းတင်ပြကြ သည်။

တင်ပြချက်များအပေါ် နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းများ ဖောက်လုပ်ရာတွင် လမ်းဘေးဝဲယာ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်း များကို ထည့်သွင်းတည်ဆောက် ထားရှိရန်လိုကြောင်း၊ ရေနုတ် မြောင်းများမရှိခြင်းကြောင့် မိုးရွာ သွန်းချိန်တွင် အများပြည်သူ သွားလာလျက်ရှိသည့် လမ်းများ ပေါ်၌ သဲနုန်းများတင်လျက်ရှိ ကြောင်း၊ ယခင်နှစ်က မိုခါမုန်တိုင်း ဖြစ်ပေါ်ခဲ့စဉ် တွေ့ကြုံခဲ့ရသည်များ ကို သင်ခန်းစာယူ၍ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက် ခြင်း၊ ရေကန်များ ပြန်လည်ဖော် ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ သဖြင့် **စာမျက်နှာ ၅ သို့** ☆





**မင်္ဂလာကန် အမှတ် (၃)** (မွန်းတိမ်းကန်) **ပြုပြင်ပြီးစီးမှု(ဝဲပုံ)နှင့် ရေဝင်ရောက်နေမှု(ယာပုံ)ကို တွေ့ရစဉ်။**

»» **စာမျက်နှာ ၃ မှ**

အမှတ်(၃) (မွန်းတိမ်းကန်) အတွင်း ရေဝင်ရောက်မှု အခြေ အနေများကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရေဝင်ရောက်လျက်ရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြ သည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေလှောင်ကန်များ အားလုံး၏ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက် ဧရိယာ တစ်လျှောက် လမ်းကြောင်းများ အတွင်း ရေကြောင်းပိတ်ဆို့မှု မရှိစေရေး၊ ရေဝင်ရေထွက် ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေလှောင်တမံများ၊ ရေကန်များရှိ ရေထိန်းတမံဧရိယာများအတွင်း ရေထိန်းတမံထိန်း သစ်ပင်များ စိုက်ပျိုးထားရန် လိုကြောင်း၊ ကန်များ အနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးသီးနှံ စိုက်ပျိုးခြင်းများ ဆောင်ရွက်မှုကြောင့် ရေကန် အတွင်းသို့ ရေဝင်ရောက်မှု လျော့နည်းနိုင်သည့်အတွက် သီးနှံ စိုက်ပျိုးမှုများကို သတ်မှတ်အကွာ အဝေးတွင်သာရှိစေရေး စည်းကမ်း များ၊ ဥပဒေများနှင့်အညီ တားမြစ် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ယခု ရေကန်များအတွင်း ယခု ကဲ့သို့ ရေများစုဆောင်းထားရှိနိုင် သည့်အတွက် သုံးရေအတွက် အထောက်အကူ ပြုစေနိုင်မည် ဖြစ်သကဲ့သို့ ပုဂံဒေသ စိမ်းလန်း စိုပြည်ရေးအတွက်လည်း အကျိုးရှိ စေနိုင်မည်ဖြစ်သဖြင့် တမံများ၊ ရေကန်များကို စနစ်တကျ ဆက်လက်ထိန်းသိမ်း ဆောင်ရွက် သွားကြရန်လိုကြောင်း မှာကြား သည်။

**ပါဝင်လှူဒါန်း ကုသိုလ်ယူလျက်ရှိ**

ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေကြီး ရေလျှံမှု မဖြစ်ပေါ်စေရေး၊ စိမ်းလန်းစိုပြည်၍ ခရီးသွားများ အား ဆွဲဆောင်နိုင်ရေးအတွက် ရှေးဟောင်း ရေကန်များအား ပြန်လည်တူးဖော်ပြုပြင်၊ ထိန်းသိမ်း ခြင်းလုပ်ငန်းများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန် ချက်နှင့်အညီ တာဝန်ရှိသူများက စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ထာဝရကုသိုလ်ဖြစ်သည့် ရေကန် များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း များတွင် စေတနာရှင်ပြည်သူများ အနေဖြင့်လည်း တစ်တပ်တစ်အား ပါဝင်လှူဒါန်း ကုသိုလ်ယူလျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ စာမျက်နှာ ၄ မှ

ယခုရက်ပိုင်းအတွင်း နိုင်ငံတစ်ဝန်းမိုးများ သည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့စဉ် ညောင်ဦးခရိုင်အနေဖြင့် ထိခိုက်မှုအနည်းငယ်သာရှိခဲ့သည်ကို တွေ့ရကြောင်း၊ အလားတူ လမ်းညွှန်အမှတ်အသားများ ကိုလည်း သတ်မှတ်ထားသည့် အင်္ဂါရပ်များအတိုင်း စနစ်တကျဖြင့် ဆောင်ရွက်ထားရှိရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဒေသအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများ၊ အမိန့်နှင့် ညွှန်ကြားချက်များအပေါ် တိကျစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့လုပ်ငန်း တာဝန်နှင့်ပတ်သက်၍ သိရှိအောင် အမြဲလေ့လာဆောင်ရွက်ပြီး မိမိတို့တာဝန်ယူထားရသည့် လုပ်ငန်းတာဝန်လိုက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်မှုရှိရမည်ဖြစ်ကြောင်း။

ဒေသ၏ ပညာရေးပိုင်းနှင့်ပတ်သက်၍ စာရင်းဇယားများအရ ညောင်ဦးခရိုင်အတွင်း လူဦးရေငါးသိန်းကျော်ခန့်ရှိသည်ကို တွေ့ရှိရသော်လည်း ကျောင်းသားကျောင်းသူများမှာ လူဦးရေ၏ ၁၇ ရာခိုင်နှုန်းကျော်သာရှိသဖြင့် ရာခိုင်နှုန်းနည်းပါးကြောင်း၊ အထက်တန်းအဆင့်အထိ တက်ရောက်သည်မှာ ၁၂ ဒသမ ၈၈ ရာခိုင်နှုန်း အထိသာရှိသဖြင့် တန်းစဉ်ကူးပြောင်းမှုများသည်လည်း နည်းပါးနေကြောင်း၊ ထို့ကြောင့် ညောင်ဦးခရိုင်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအားပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဟူသည့်အတိုင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများအောက်တွင် အများဆုံးနေရပြီး ကျောင်းစည်းကမ်းများကို လိုက်နာရကြောင်း၊ အထက်တန်းပညာအထိ သင်ကြားခဲ့ရသည့် ကျောင်းသားများနှင့် မူလတန်းပညာအထိသာ သင်ကြားခဲ့ရသည့် ကျောင်းသားများ၏ စည်းကမ်းလိုက်နာမှုများမှာ တူညီမှုမရှိနိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး အနည်းဆုံး KG + 9 အထိ မဖြစ်မနေ သင်ကြားထားရန် လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအရ ပညာခေတ်၊ IT နည်းပညာ၊ AI နည်းပညာခေတ်တွင် လူတိုင်း အလယ်တန်းအဆင့်အထိ ပညာတတ်မြောက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ညောင်ဦးခရိုင်အတွင်း ပညာရေးကို အားပေးဆောင်ရွက်ကြစေရေး တာဝန် ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့် အသိပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပညာတတ်မှသာ အတွေးအခေါ်များ ကောင်းမွန်တိုးတက်လာပြီး စဉ်းစားဆင်ခြင်တုံ တရားများလည်းမြင့်မားလာမည်ဖြစ်ကြောင်း။

**ဒေသ၏ ပညာရည်မြင့်မားရေး**

ထို့ပြင် ပညာရေးအားပေးရမည်ဖြစ်သကဲ့သို့ စာဖတ်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို နိုင်ငံတော်အနေဖြင့်မူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် ပညာသင်ကြားခြင်းမပြုနိုင်တော့သည့် အရွယ်သို့ ရောက်ရှိနေသူများအနေဖြင့် ဘဝတိုးတက်ရေးအတွက် သိရှိရန်လိုအပ်သည့် အသိပညာများ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်မည် ဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့်လည်း ကလေးငယ်များ၏ စာဖတ်ခြင်း အလေ့အကျင့်ကောင်းနှင့် စာဖတ်စွမ်းအားများ တိုးတက်လာပြီး ဗဟုသုတအသိအမြင်များ ပိုမို သိရှိလာမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားရေးသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန် ထမ်းဆောင်နေရသည့် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**စိုက်ပျိုးရေး**

ညောင်ဦးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြချက်များအရ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရန်လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့စိုက်ပျိုးသည့် သီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဒေသအတွင်း ဖူလုံမှုများတိုးတက်လာမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးတို့အတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုသကဲ့သို့ မြေပြုပြင်ခြင်းနှင့် ပတ်သက်၍လည်း မြေသြဇာထည့်သွင်းခြင်း အပါအဝင် သွင်းအားစုများ အလုံအလောက် စိုက်ထည့်ရမည်ဖြစ်ကြောင်း၊ မြေသြဇာနှင့်ပတ်သက်၍ သစ်စိမ်းမြေသြဇာကို စိုက်ပျိုးဆောင်ရွက်၍ ရသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့်လည်း ဇီဝမြေသြဇာကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီမရွေးဆောင်ရွက်နိုင်ရန်အတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် ရေတင်ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင် စီမံကိန်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည် ဖြစ်သော်လည်း ဥစ္စာရင်းလို၊ ဥစ္စာရင်းခဲ ဟူသည့် စကားနှင့်အညီ မိမိတို့ကိုယ်တိုင်လည်း အားစိုက်ထုတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေး အခြေခံနည်းလမ်းလေးသွယ်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းကို စနစ်တကျဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကာ တောင်သူများ အနေဖြင့်လည်း ဝင်ငွေ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသခံများ ဝင်ငွေကောင်းမွန်မည်ဆိုပါက ဒေသတွင်းလည်ပတ်ငွေ အားကောင်းလာပြီး ဒေသ၏ စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း။

**ဒေသ၏ ရိုးရင်းစွဲဆုလာဘ်တစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး**

ထို့ပြင် ညောင်ဦးခရိုင်အနေဖြင့် ဒေသ၏ ရိုးရင်းစွဲဆုလာဘ်တစ်ခုဖြစ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများမှလည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တွင် ပိုင်ဆိုင်ထားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အလှအပများကို လာရောက်လေ့လာခံစားကြသည့် ခရီးသွားများ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက် ဆွဲဆောင်ခြင်းအားဖြင့် မိမိတို့ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ အိမ်သာမဒ္ဒေ့လာမည်ဖြစ်သည့်အတွက် ဒေသတွင်း သာယာလှပရေး၊ မျက်စိပသာဒဖြစ်ဖွယ်ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်သည့်မြင်ကွင်းများ ရရှိခံစားနိုင်ရေး၊ ဒေသထွက်စားသောက်ကုန်ပစ္စည်းများ အဆင့်မီကောင်းမွန်စေရေး၊ အဆင့်မီသည့်တည်းခိုနေထိုင်မှုစနစ်ရှိစေရေး ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ စေတီပုထိုးများနှင့် ပတ်သက်၍လည်း ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာမြင်တွေ့ဖူးမြင်နိုင်ရေး စနစ်တကျစီမံထားရှိရန်လိုကြောင်း။

**မြေယာစီမံခန့်ခွဲမှုများ စနစ်တကျဖြစ်ရန်လို**

ဒေသရှိ မြေလွတ်မြေရိုင်းများ၊ လယ်ယာမြေများ၊ ရှေးဟောင်းမြေများ စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့နှင့်အညီ ဖြစ်ရန်လိုကြောင်း၊ မြေနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့မြေများ တိုးချဲ့ရာတွင်လည်း Town Plan များ စနစ်တကျရေးဆွဲပြီး စည်းကမ်းနှင့်အညီ တင်ပြပြီးမှသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပုဂံညောင်ဦးဒေသသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မြေများရှိသည့်အတွက် မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အထူးအလေးထားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲခြင်းကြောင့် ဒေသ၏ ဖူလုံရေးကို ထိခိုက်စေနိုင်မည် ဖြစ်သဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသရှိ မြေများကို အကျိုးရှိရှိ အသုံးချရန်လိုပြီး Town Plan များ စနစ်တကျရေးဆွဲ၍ ဆောင်ရွက်ရန်လိုကြောင်း၊ Town Plan ရေးဆွဲရာတွင်လည်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ ရုံးဌာန အဆောက်အအုံများ၊ အပန်းဖြေနေရာများကို စနစ်တကျ ထည့်သွင်းနိုင်ရေး အချိန်ယူဆွေးနွေးတိုင်ပင်၍ တွက်ချက်ရေးဆွဲသွားရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုတိုးတက်စေရေးအတွက် ညောင်ဦးလေဆိပ်ကိုလည်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အခြေအနေအရပ်ရပ်ကို စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယွန်းပညာကောလိပ်၌ သင်တန်းသား သင်တန်းသူများ၏ ယွန်းနည်းစဉ်အဆင့်ဆင့်အား လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။

★ ကျောဖုံးမှ

နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးသည် လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုများ မြန်မြန် ဆန်ဆန် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၂၄) အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ ရာဂီ မုန်တိုင်း တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင် အာရှဒေသနိုင်ငံများ ထိခိုက် ခံစားခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရာဂီ တိုင်ဖွန်းမုန်တိုင်း ဒဏ်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခံစားခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုခံစားနေရသည့် ရေဘေးသင့်ပြည်သူများအတွက် စီမံခန့်ခွဲမှုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံခန့်ခွဲမှုအဖွဲ့များက လိုအပ်ချက်များကို လျင်လျင်မြန်မြန် ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ တည်မြဲအမိန့်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များက အဖွဲ့များဖွဲ့၍ စီမံဆောင်ရွက်သွားရန် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

သဘာဝ ဘေးအန္တရာယ်တုံ့ပြန်မှုအပိုင်းတွင် အပိုင်းနှစ်ပိုင်းရှိပြီး ယခုနှစ်မိုးရာသီ အစောပိုင်းကာလကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီး စသည့် နယ်မြေဒေသတစ်ခုချင်းအလိုက် မြစ်ရေကြီးမှုများ ရှိခဲ့သော်လည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများ၏ အစီအမံဖြင့် ဆောင်ရွက်ခဲ့သည့် ပုံစံမှာ လုပ်ငန်းဆောင်ရွက်မှုပုံစံ(၁) Scenario-1ဖြစ်ပြီး ၎င်းမှ အန္တရာယ်သက်ရောက်မှု ပိုမိုကျယ်ပြန့်လာခြင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အရင်းအမြစ်များနှင့် တုံ့ပြန်ရန် အကန့်အသတ်ရှိလာခြင်းနှင့် နယ်မြေတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်မှသာ ပိုမိုသက်ရောက်မှုရှိသည့် အခြေအနေမျိုး၌ ပြည်ထောင်စုက အဓိကတာဝန် ယူဆောင်ရွက်ပေးရသည့် လုပ်ငန်းဆောင်ရွက်မှုပုံစံ(၂) Scenario-2 ဖြင့် ဆောင်ရွက်ရပါကြောင်း။

ယခု ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ရာဂီ တိုင်ဖွန်း မုန်တိုင်းကြီးသည် အားအလွန် ကောင်းစွာဖြင့် စက်တင်ဘာ ၇ ရက်တွင် တစ်နာရီလျှင် မိုင် ၁၃၀ အထိ တိုက်ခတ်ခဲ့ရာ အဆိုပါ မုန်တိုင်းအရှိန်ကြောင့် အကြွင်းကျန် မိုးသားတိမ်တိုက်များသည် အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံသို့ပါ အဆင့်ဆင့်ရောက်ရှိပြီး မိုးရေများ စံချိန်တင်ရွာသွန်းခြင်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ထူးခြားချက်မှာ မြန်မာနိုင်ငံအနေဖြင့် ကျွင်းကျန်မိုးသား တိမ်တိုက်များ ရောက်ရှိချိန်တွင် ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယနိုင်ငံအစပ်တွင်လည်း စက်တင်ဘာ ၉ ရက် နှင့် ၁၀ ရက်တွင် အားကောင်းသည့် လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် မိမိတို့နိုင်ငံတွင် စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မိုးရွာသွန်းမှု ပိုမိုများပြားခဲ့ရကြောင်း၊ အထူးသဖြင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း စံချိန်တင် မိုးရွာသွန်းမှုများမှတစ်ဆင့် နဝင်းချောင်း၊ မုန်ချောင်းနှင့် ကင်းသာချောင်းတို့၌ တောင်ကျရေများ၊ မြေပြိုမှုမှ သစ်ပင်အမှိုက်သရိုက်နှင့် နုန်းမြေများ အမြောက်အမြားစီးဆင်းရာမှ မကြုံစဖူး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခုတွင် ကျယ်ပြန့်စွာ သက်ရောက်ခဲ့**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်လည်း ရာဂီ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ခံစားခဲ့ရပြီး ဘေးအန္တရာယ်သက်ရောက်မှုဧရိယာမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခုတွင် ကျယ်ပြန့်စွာ သက်ရောက်လာသည့်အတွက် ဆောင်ရွက်မှုပုံစံ Scenario-2 ဖြင့် စက်တင်ဘာ ၁၂ ရက်မှ စတင်ပြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) ဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ဒုတိယဥက္ကဋ္ဌများ ဦးဆောင်သည့် DMC အစည်းအဝေးကို ကျင်းပပြီး ဆုံးဖြတ်ချက်များ ချမှတ်ကာ ဆောင်ရွက်ခဲ့ပါကြောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် နေပြည်တော်ကောင်စီ နယ်မြေ၌ မိမိဦးဆောင်ပြီး DMC အစည်းအဝေးကို နေပြည်တော်ကောင်စီရုံး၌ အရေးပေါ် ကျင်းပပြီး လုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းပေါင်းစပ်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း။

နေပြည်တော်ကောင်စီ နယ်မြေတွင် စက်တင်ဘာ ၁၂ ရက် ရေကျချိန်မှစ၍ သန့်ရှင်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက ကူညီကယ်ဆယ်ရေး၊ သန့်ရှင်းရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံနေသည့် နေရာများသို့ ခက်ခက်ခဲခဲဖြင့် သွားရောက်ဆောင်ရွက်ခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ စက်တင်ဘာ ကျန်းမာရေးနှင့် အဝတ်အထည်ရရှိရေးတို့ကို တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဒါန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မအားလပ်သည့်ကြားမှ စက်တင်ဘာ ၁၂ ရက်မှစ၍ နေပြည်တော်ကောင်စီနယ်မြေရှိ ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် နယ်မြေများသို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆည်မြောင်းတာတမံများနှင့် စပ်လျဉ်း၍ ပြည်သူများအား စိုးရိမ်ပူပန်မှု မရှိစေရန် အသိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ပေးရန်၊ ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းနိုင်ရေး ညွှန်ကြားခဲ့သည့်အတွက် ပဲခူးတိုင်းဒေသကြီး စစ်တောင်းမြစ်ဝှမ်းဒေသရှိ ပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင် ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံခန့်ခွဲမှုအဖွဲ့များ အနေဖြင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ရာတွင် ကြောင်း၊ နိုင်ငံတော်အနေဖြင့် အလှူရှင်များ မရောက်နိုင်သည့် အချို့ ရေဘေးသင့်ယာယီကယ်ဆယ်ရေးစခန်းများ အပါအဝင် ယာယီ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးစခန်းများသို့လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် အခြေခံအစားအစာ ငါးမျိုးနှင့် သောက်သုံးရေ ရရှိရေးအတွက် ပို့ဆောင်ပေးလျက်ရှိကြောင်း။

ရေဘေးသင့် ဒေသများရှိ ပြည်သူများအား သက်ဆိုင်ရာ ဒေသအလိုက် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများကသွားရောက်အားပေးစကား ပြောကြားပြီး လိုအပ်ချက်များကို အဓိကထား၍ ပံ့ပိုးပေးသွားရမည် ဖြစ်ကြောင်း၊ ဆည်မြောင်းတာတမံများနှင့်စပ်လျဉ်း၍ ပြည်သူများ စိုးရိမ်ပူပန်မှု မရှိစေရေး ရှင်းလင်းပြောကြားရန်လိုကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် သဘာဝဘေးနှင့် ပတ်သက်၍အတွေ့အကြုံရှိပြီးဖြစ်သည့်အတွက် နောက်ဆက်တွဲ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကောင်းဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြရန်လိုကြောင်း၊ မိုခါမုန်တိုင်း ဖြစ်ပွားစဉ်က လုပ်ငန်းကော်မတီ




အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၂/၂၀၂၄) အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

၁၅ ရက်တင်ပြမှုအရ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုရှိ မြို့နယ် ၆၉ မြို့နယ်တွင် သေဆုံးမှုအနေဖြင့် နေပြည်တော်တွင် ၄၇ ဦး၊ ကရင်ပြည်နယ်တွင် ငါးဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၇၆ ဦး၊ ရှမ်းပြည်နယ်တွင် ၄၃ ဦးနှင့် ဧရာဝတီ တိုင်းဒေသကြီးတွင် တစ်ဦးရှိနေသည်ဟု သိရှိရကြောင်း၊ ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပျက်စီးမှု၊ သေဆုံးပျောက်ဆုံးမှုများကို အတည်ပြုထုတ်ပြန်သွားရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၃၈၈ ခုဖွင့်လှစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသည့် စားရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရဖြစ်စေမည့် အစားအသောက်များ ရရှိရေးအတွက် ဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း၊ ရေဘေး ဖြစ်ပွားခဲ့သည့် ဒေသများတွင် ယာယီပိတ်ထားရသည့် ရုံးဌာနများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများကို အမြန်ဆုံး ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ရေဘေးသင့် ပြည်သူများအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူငွေများနှင့် ပစ္စည်းများကို စနစ်တကျ စီမံဆောင်ရွက်ထားရမည်ဖြစ်ပြီး ရေဘေးသင့်ပြည်သူများကို မျှမျှတတရရှိစေရေး ဖြန့်ခွဲပေးရန်လို ၁၂ရပ်ကိုဖွဲ့စည်းပြီး အကောင်းဆုံး ဖြေရှင်း ဆောင်ရွက်ပေးနိုင်သကဲ့သို့ ယခုဖြစ်စဉ်တွင်လည်း လိုအပ်သည့် ကော်မတီများဖွဲ့စည်းပြီး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်ရုံးဌာန အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လူနေအိမ်များနှင့် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုနှင့် တိရစ္ဆာန်သေဆုံးမှုတို့ကို စာရင်း ကောက်ယူရေးအဖွဲ့ဖွဲ့စည်းပြီး ပျက်စီးဆုံးရှုံးမှု များကို မှန်မှန်ကန်ကန် ကောက်ယူနိုင်မှသာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ★

❖ **ရေဘေးသင့်ဒေသများရှိ ပြည်သူများအား သက်ဆိုင်ရာ ဒေသအလိုက် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက သွားရောက် အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို အဓိကထား၍ ပံ့ပိုးပေး သွားရမည်ဖြစ်**

❖ **ဆည်မြောင်းတာတမံများနှင့်စပ်လျဉ်း၍ ပြည်သူများ စိုးရိမ်ပူပန်မှု မရှိစေရေး ရှင်းလင်းပြောကြားရန်လို**

❖ **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် သဘာဝဘေးနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီးဖြစ်သည့်အတွက် နောက်ဆက်တွဲ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်းဆုံး ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြရန်လို**

☆ စာမျက်နှာ ၅ မှ

ကြိုတင်တွက်ချက် ဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပုဂံညောင်ဦးဒေသ၏ အခြေအနေအရပ်ရပ်မှာ တိုးတက်လာမည်ဖြစ်ကြောင်းမှာကြားသည်။

**ယွန်းပညာကောလိပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ယွန်းပညာကောလိပ်သို့ သွားရောက်၍ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယွန်းပညာကောလိပ်၏ အဓိကလုပ်ငန်းတာဝန်များ၊ ယွန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ NSSA (National Skills Standards Authority) အသိအမှတ်ပြု ယွန်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်း အဆင့်ဆင့်ဆောင်ရွက်မှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှု၊ အိပ်ဆောင်များ၊ ယွန်းနည်းစဉ်ခန်းမ၊ ယွန်းပြတိုက်၊ ယွန်းလက်မှုအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်



ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တောင်ကုန်းတောင်တန်းများပေါ်မှ ရေများ စီးဆင်းတိုက်စားခဲ့မှုကြောင့် တောင်ပြို၊ မြေပြိုမှုများဖြစ်ပေါ်နေမှုကို တွေ့ရစဉ်။

ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က ယွန်းပညာသင်ကြားမှု အခြေအနေများ၊ ပြည်ပနိုင်ငံများရှိ ကျောင်းများ၌ ယွန်းအတတ်ပညာ သင်ကြားနေမှုများနှင့် ပြည်ပမှ ပညာရှင်များက လာရောက်ပို့ချခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ ယွန်းပညာရပ်နှင့် ပတ်သက်၍ လုပ်သားရှားပါးမှုဖြစ်ပေါ်လာမှု၊ ယွန်းပညာကောလိပ် ဖြစ်ပေါ်လာမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယွန်းပညာရပ်နှင့် ပတ်သက်၍ မေးမှိန်ပပျောက်မသွားစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယွန်းနည်းစဉ်ခန်းမအတွင်း သင်တန်းသား သင်တန်းသူများ၏ ဝါး၊ အနက်ထည်၊ ကညစ်၊ ရွှေဇဝါယွန်း၊ သားရိုးပန်းကြွ စသည်ဖြင့် ယွန်းနည်းစဉ် အဆင့်ဆင့်အား လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု လေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ယွန်းပြတိုက်အတွင်း အထူးပြခန်း၊ ယွန်းပစ္စည်းပြုလုပ်ပုံ အဆင့်ဆင့်ပြခန်း၊ နိုင်ငံတကာ ယွန်းပစ္စည်းပြခန်း၊ လူမှုရေး အသုံးအဆောင်ပစ္စည်းပြခန်းတို့တွင် ခင်းကျင်းပြသထားသည့် ယွန်းထည်များအား ပြခန်းတစ်ခုချင်းစီအလိုက် ခင်းကျင်းပြသထားမှုများကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး မိမိတို့နိုင်ငံမှ ပြုလုပ်သည့် ယွန်းထည်ပစ္စည်းနှင့် စဥ့်ထည်ပစ္စည်းများသည် နာမည်ကောင်းရရှိပြီးဖြစ်သည့်အတွက် ယင်းပညာရပ်များ မပျောက်ပျက်သွားစေရေး ဆက်လက် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယွန်းပညာကောလိပ်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ယွန်းပညာကောလိပ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားစေတီပုထိုးများ ထိန်းသိမ်းထားရှိမှု၊ မြကန်ရေလှောင်တမံ အပါအဝင် ရေးဟောင်း ကန်များအတွင်း ရေများဝင်ရောက်လျက်ရှိမှုနှင့် ပုဂံညောင်ဦးဒေသအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပုဂံ-ညောင်ဦး-ပျော်ဘွယ်ဒေသတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလျက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုအား ကြည့်ရှုစစ်ဆေး**

ယင်းနောက် တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြား မိုးအဆက်မပြတ် ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ် မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု၏ ရေစီးဆင်းရာ အစဖြစ်သည့် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တောင်ကုန်းတောင်တန်းများပေါ်မှ ရေများစီးဆင်းတိုက်စားခဲ့မှုကြောင့် တောင်ပြို၊ မြေပြိုမှုများ ဖြစ်ပေါ်နေမှု၊ အဆိုပါ တောင်ကုန်းတောင်တန်းများပေါ်မှ ဖြတ်သန်းစီးဆင်းလာသည့် တောင်ကျချောင်းရေများသည် မုန်ချောင်း၊ နဝင်းချောင်း၊ ကင်းသာချောင်းတို့နှင့် ငှင်းချောင်းများ အားလုံးစုစည်း၍ စီးဝင်ရာ ဆင်သေချောင်းတစ်လျှောက်တို့၌ တောင်ကျချောင်းရေ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုကြောင့် ရေတိုက်စားရာလမ်းကြောင်းကြီးများဖြစ်ပေါ်နေမှုနှင့် ရေပြန်လည်ကျဆင်းသွားပြီးနောက် သဲနုန်းများ၊ အပျက်အစီးများ ဖြစ်ပေါ်ကျန်ရှိနေမှု၊ စိုက်ကေအများအပြား ပျက်စီးခဲ့မှုနှင့် ရေစီးဆင်းရာလမ်းကြောင်းနှင့် နီးစပ်သည့် အချို့သောကျေးရွာများ ရေဖုံးလွှမ်းခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တောင်ကုန်းတောင်တန်းများပေါ်မှ ဖြတ်သန်းစီးဆင်းလာသည့် တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုကို တွေ့မြင်ရစဉ်။



ရေတိုက်စားရာလမ်းကြောင်းတစ်လျှောက် ရေဖုံးလွှမ်းမှုများနှင့် ရေပြန်လည်ကျဆင်းသွားပြီးနောက် သဲနုန်းများ၊ အပျက်အစီးများ ဖြစ်ပေါ်နေမှုကို တွေ့ရစဉ်။

★ စာမျက်နှာ ၆ မှ

နိုင်ငံတကာအကူအညီ အနေဖြင့် မြန်မာနိုင်ငံအပေါ် နှောင်ကြိုးမဲ့ ဆောင်ရွက်ကူညီခဲ့မှုများရှိပါကြောင်း၊ ယခုလည်း အာဆီယံက ပေးပို့မည့် လူသားချင်းစာနာမှုအကူအညီတချို့ ရောက်ရှိတော့မည်ဖြစ်ပြီး AHA Center မှ နိုင်ငံတွင်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (In-Country Liaison Team – ICLT) ကလည်း မြန်မာနိုင်ငံကို လာရောက်ပြီး ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်ရေးနှင့် နိုင်ငံတကာအကူအညီများ တိုးတက်ရရှိရေးအတွက် ပူးပေါင်း ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် လက်တလောဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ထိထိမိမိ ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က ရာဂီမုန်တိုင်းဒဏ်ကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတို့တွင် လူနှင့်တိရစ္ဆာန်များ သေဆုံးပျောက်ဆုံးခဲ့မှု အခြေအနေ၊ ရုံးဌာနအဆောက်အအုံများ၊ ဆေးရုံ၊ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် လမ်းတံတားများ၊ ရာသီသီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေ၊ ပျက်စီး၊ သေဆုံးပျောက်ဆုံးမှုများနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းကာ စာရင်းကောက်ယူလျက်ရှိသည့် အခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများနှင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ၊ အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ သက်ဆိုင်ရာ ရေဘေးသင့်ပြည်သူများသို့ စနစ်တကျ ဖြန့်ခွဲထောက်ပံ့ပေးသွားမည့်ကိစ္စရပ်များ၊ ပျက်စီးဆုံးရှုံးခဲ့ရသည့် စိုက်ဧကများအတွက် ရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အစီအမံများ၊ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များအား အရေးပေါ်တုံ့ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထူးခြားမိုးလေဝသ အခြေအနေဖြစ်ပွားခဲ့မှုနှင့်လာမည့် ၁၀ ရက်အတွင်း ဖြစ်ပေါ်နိုင်သည့် မိုးလေဝသ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့်အားကောင်းသောမုန်တိုင်းငယ်နှင့် တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်ခဲ့သော တိုက်ဖွန်းမုန်တိုင်း ရာဂီအရှိန်ကြောင့် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အတွင်း ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှအပ နေပြည်တော်ကောင်စီနယ်မြေနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ရာ ထိခိုက်ပျက်စီး သေဆုံးမှုအနေဖြင့် စက်တင်ဘာ ၁၅ ရက် စာရင်းဇယားများအရ နိုင်ငံအဝှမ်း၌ မြို့နယ် ၆၉ မြို့နယ်မှ လူနေအိမ် ၁၀၈၃ လုံး၊ ရုံးဌာနအဆောက်အအုံ ၁၄၆ လုံး၊ စာသင်ကျောင်း ၁၀၂၃ ကျောင်း၊ ဘာသာရေးကျောင်း ၃၈၂ ကျောင်း၊ လမ်း/တံတားပျက်စီးမှု ၁၇၇ ခု၊ လျှပ်စစ်မီးတိုင် ၉၆၃ တိုင်၊ ဆက်သွယ်ရေးတိုင် ၈၂ တိုင် ထိခိုက်ပျက်စီးခဲ့ကာ သေဆုံးသူ ၁၇၂ ဦး၊ မျောပါ ပျောက်ဆုံးသူ ၃၈ ဦးရှိပြီး တိရစ္ဆာန်သေဆုံးမှုအနေဖြင့် ၁၀၅၃၈၈ ကောင်ရှိကြောင်း ကနဦးသိရှိရပြီး ရေဘေးသင့်ဒေသများသို့ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (Disaster Management Committee)ဖွဲ့စည်းပြီး ၂၄ နာရီ အရေးပေါ်ရုံးခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၁) ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်သို့တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun)၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် (၁၁)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် (11th Beijing Xiangshan Forum) သို့ ပါဝင် တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ စစ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ပေကျင်းမြို့သို့ရောက်ရှိ**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်း တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိခဲ့ပြီး ညနေပိုင်းတွင် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှား (General Jiang You Xia)က တည်ခင်း ဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာ စားပွဲ (Welcoming Dinner) သို့ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၃ ရက် နံနက် ပိုင်းတွင် မြန်မာကိုယ်စားလှယ် အဖွဲ့သည် 11th Beijing Xiangshan Forum ဖွင့်ပွဲအခမ်း အနားနှင့် မျက်နှာစုံညီအစည်း အဝေးသို့ ပါဝင်တက်ရောက်ခဲ့ သည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ကပေးပို့သော သဝဏ် လွှာကို ဖတ်ကြားပြီး တရုတ် အမျိုးသားကာကွယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်း (Admiral Dong Jun)က အဖွင့် အမှာစကား ပြောကြားခဲ့သည်။

**ဗိုလ်ချုပ်ကြီးဟဲဝေတုန်နှင့် တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် ပေကျင်းမြို့ ပိုင်ယိ ခန်းမ (Bayi Hall)၌ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် ကြီး ဟဲဝေတုန် (General He Weidong)နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ ကာကွယ်ရေးဆိုင်ရာ နယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင် ရွက်မှုများတိုးမြှင့်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည် ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ စစ်ဘက် နည်းပညာကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက်ရေး၊ လေ့ကျင့် ရေးနှင့် သင်တန်းသားများ စေလွှတ်ရေး၊ ဒေသတွင်းနှင့် မြန်မာနိုင်ငံ၏ လတ်တလော အခြေအနေများကို ရင်းနှီးပွင့်လင်း စွာ အမြင်ချင်းဖလှယ် ဆွေးနွေး ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၁၁)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။


(၁၁)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် ကျင်းပစဉ်။


တရုတ်-မြန်မာ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

ယင်းနောက် ဖိုရမ်၏စုံညီအစည်း အဝေး ဒုတိယပိုင်း (2nd Plenary Session)သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒေသအလိုက် လုံခြုံရေးဆိုင်ရာဖိုရမ် အစည်း အဝေးများသို့ လည်းကောင်း၊ ညနေပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကာကွယ် ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ကြီး တုန်ကျွင်း (Admiral Dong Jun)က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ (Gala Dinner) သို့လည်းကောင်း တက်ရောက်ခဲ့ သည်။

**ပါဝင်တက်ရောက်**

စက်တင်ဘာ ၁၄ ရက် နံနက် ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Xiaodong ၏ "တရုတ်နိုင်ငံ၏ နိုင်ငံတကာရေးရာ ဆောင်ရွက်မှု များ" (Chinese Initiatives of Global Affairs) ဆွေးနွေးပွဲကို ပါဝင်တက်ရောက်ခဲ့ပြီး စုံညီအစည်း အဝေး တတိယပိုင်းနှင့် စတုတ္ထပိုင်း (3rd and 4th Plenary Session) တို့သို့ ဆက်လက်တက်ရောက်ခဲ့ သည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စား လှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့အခြေစိုက် အဆင့်မြင့် စက်မှုနည်းပညာဆိုင်ရာ ကုမ္ပဏီ များသို့ သွားရောက်လေ့လာခဲ့ပြီး လေကြောင်း နည်းပညာဆိုင်ရာ ခေတ်မီထုတ်ကုန်များ၊ မောင်းသူမဲ့ လေယာဉ်ထုတ်လုပ်မှုများ၊ အီလက် ထရောနစ် စစ်ဆင်ရေးနှင့် လေကြောင်းရန် ကာကွယ်ရေး နည်းပညာဆိုင်ရာ စစ်လက်နက် ပစ္စည်းများကို လေ့လာကြည့်ရှုခဲ့ ပြီး နည်းပညာပူးပေါင်းဆောင်ရွက် နိုင်မှုအခြေအနေများကို ကုမ္ပဏီ များမှ တာဝန်ရှိသူများနှင့် ဆွေးနွေး ညှိနှိုင်းခဲ့သည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး သည် ခရီးစဉ်အတွင်း တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံသံရုံးသို့ သွားရောက်၍ မြန်မာသံအမတ်ကြီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ)နှင့် သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှု ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိ ဖြစ်ပေါ်တိုးတက်မှု အခြေအနေ များကို ရှင်းလင်းပြောကြားပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် လက်ဆောင် ပစ္စည်းများကို ပေးအပ်ကာ ပေကျင်းမြို့ရှိ Capital လေဆိပ်မှ တစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ် သည့် (၁၁)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် (11th Beijing Xiangshan Forum)သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဒုတိယဝန်ကြီးချုပ် များနှင့် ကာကွယ်ရေးဝန်ကြီး ၂၂ ဦး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကျွမ်းကျင် ပညာရှင်များအပါအဝင် ကိုယ်စား လှယ်စုစုပေါင်း ၁၈၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ရေဘေးဒဏ်ခံစားရသည့်ဒေသများအတွက် အလှူရှင်များ အလှူငွေများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက အလှူငွေများ လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




**စုစုပေါင်း ငွေကျပ်သိန်း ၁၇၆၀**

အခမ်းအနားတွင် ဗိုလ်ချုပ်ငြေးနိုင်(ငြိမ်း)-ဒေါ်ဥမ္မာမြင့်မိသားစုက ငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်သိန်း ၄၀၀၊ ရောဝတီဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀၀၊ ဒေါက်တာဘုန်းမြင့် (White Hope Mental Hospital၊ Kyaing Tong Paradise Hotel)က ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်မင်း-ဒေါ်ကျော့ကျော့စံ သား စိုပြေမင်းစံ၊ သော်ညီမင်းစံ(မိသားစု)က ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်ဝင်း-ဒေါ်နွေးနွေးဝင်း(မိသားစု)က ငွေကျပ် သိန်း ၅၀၊ Royal Myanmar Nay Pyi Taw Golf Club က ငွေကျပ်သိန်း ၅၀၊ ကျွန်ုပ်တို့တတ်စွမ်းနိုင်သလောက် လူမှုကူညီရေးအသင်း(AS BEST WE CAN) က ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၇၆၀ ကို လှူဒါန်းကြသည်။

ထို့ပြင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ထိုင်းနိုင်ငံရှိ ကုမ္ပဏီများ၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများ၊ စေတနာရှင်များက စုပေါင်း လှူဒါန်းမှုဆန်အိတ် ၅၀၀၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ဆန်အိတ် ၁၀၀ နှင့် ကိုသီဟ နေပြည်တော်က ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ရေသန့်ဘူး ၆၀၀၀၊ အေးသုခမြို့ဦး ကျောင်းဆရာတော် ဦးပညာစက္က ဦးဆောင်၍ အလှူရှင်များ(ပဲခူးတိုင်းဒေသကြီး)က ငွေကျပ်သိန်း ၇၀၊ ဆန် ၁၀ အိတ်နှင့် လူသုံးကုန်ပစ္စည်း ၅၈ အိတ် တို့ကို လာရောက်လှူဒါန်းသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)မှ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး ဒေါက်တာ ဒေါ်အေးခိုင်ညွန့် မိသားစုက ပင်လောင်းကားလမ်းမကြီးတစ်လျှောက် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်လျက်ရှိသော (ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၂၅၀ နှင့် သိုက်ချောင်းလမ်းဆုံမှ ပုဗ္ဗသီရိမြို့ပတ်လမ်း တစ်လျှောက် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက် လျက်ရှိသော(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၂၀၀ တို့အတွက် နံနက်စာ သကြားပလာတာဘူး ၄၅၀ နှင့် နေ့လယ်စာထမင်းဘူး ၄၅၀၊ အေလာမြို့ အေလာတိဏ္ဏာဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့် ပြည်သူ ၃၀၀ နှင့် ဇေယျာသိမ် ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူ ၁၅၀ တို့အတွက် ထမင်းဘူး ၄၅၀၊ မာမီးမွန်းစတား အသင့်စားခေါက်ဆွဲထုပ် ၃၆၀၀၊ မာမီးခေါက်ဆွဲထုပ် ၁၀၈၀၊ အအေးဘူး ၁၅၆ ဘူး၊ Vigo အသင့်စား ကြွေကာအထုပ် ၁၄၄၀ တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းပေးအပ်ခဲ့ သည်။

ထို့အတူ SKYNET Media ရှေ့သံလွင်ကုမ္ပဏီ မိသားစုက ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စက်တင်ဘာ ၁၄ ရက်မှစ၍ နေ့စဉ် ထမင်းဘူး ၁၀၀၀၀ ကို နေပြည်တော်ကောင်စီသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှတစ်ဆင့် လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်က အလှူငွေ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ် လှမိုးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုးထံသို့ အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှေခွင်းတောင်ခြေရှိ ရေဘေးရှောင်စခန်းသို့ အမှတ်(၂) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံက စားသောက်ဖွယ်ရာများ လှူဒါန်း

**ဇေယျာသီရိ စက်တင်ဘာ ၁၆**

ဇေယျာသီရိမြို့နယ် ကျည်တောင် ကျေးရွာ လှေခွင်းတောင်ခြေရှိ ရေဘေး ရှောင်စခန်းသို့ အမှတ်(၂) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံက စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းများ ကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။



ဦးစွာ အမှတ်(၂) တပ်မတော် သားဖွား မီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀) မှ တပ်မှူး ဗိုလ်မှူးကြီး ဒေါ်ဆွေဆွေမြင့်နှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ် ၌ မိုးသည်းထန်စွာရွာသွန်းပြီး ဆင်သေ ချောင်းရေနှင့် ပေါင်းလောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ကျည်တောင် ကျေးရွာ၊ စည်ပင်ကြီးကျေးရွာ၊ ရွာသစ်ကြီး ကျေးရွာနှင့် ချောင်းကမ်းကြီးကျေးရွာ တို့အတွင်း ရေဝင်ရောက်မှုကြောင့် ကျည်တောင်ကျေးရွာ လှေခွင်းတောင်ခြေ ၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး လှေခွင်းတောင်ခြေရှိ ကန်နာကျောင်း တိုက် ဆရာတော်ဉူးဣန္ဒကထံ အလှူငွေ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်းမှ ပြည်သူ ၂၈၈၇ ဦး အတွက် ထမင်းဘူးနှင့် သောက်သုံးရေသန့် များ ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် ဗိုလ်မှူးကြီး ဒေါ်ဆွေဆွေမြင့်နှင့် အမှတ်(၂) တပ်မတော် သားဖွားမီးယပ်နှင့် ကလေး ဆေးရုံ(ခုတင်-၃၀၀)မှ အထူးကုများက ယာယီရေဘေးရှောင်စခန်းမှ ပြည်သူများ ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု များ ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



# တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူ

**ဆွာ စက်တင်ဘာ ၁၆**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဇီးပင်သာအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်အောင် ဦးစီးရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက်က တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူခဲ့ပြီး သွေးလှူရှင်တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ အချိုရည်နှင့် အာဟာရဖြည့် စားသောက်ဖွယ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်သွေးလှူဘဏ်၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**မြိတ် စက်တင်ဘာ ၁၆**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ကျော်ကျော်အောင် ဦးဆောင်မှုဖြင့် မြိတ်ပြည်သူ့ဆေးရုံ သွေးလှူဘဏ်၌ ယမန်နေ့က မြိတ်ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းကြသည်။

**ကြည့်ရှုအားပေး**

ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် အမှန်တကယ် သွေးလိုအပ်နေသော ဝေဒနာရှင်များအတွက် အလှူတစ်ရပ်အနေဖြင့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၄၂ ဦး စုပေါင်းလှူဒါန်းကြရာ မြိတ်ခရိုင်ရဲတပ်ဖွဲ့ မှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး သွေးလှူဒါန်းကြသူ များအား ကြက်ဥ၊ Royal D အအေးဘူးနှင့် သွေးအားတိုးဆေးများ ပေးအပ်ကြသည်။



**ခိုင်ထူး(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပညာရေးဒီဂရီကောလိပ်များတွင် အခြေခံပညာရေးကဏ္ဍအတွက် လိုအပ်သည့် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ ပိုမိုပြုစုပျိုးထောင်မွေးထုတ်ပေး



နေပြည်တော် စက်တင်ဘာ ၁၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိအစည်းအဝေးခန်းမ၌ ဆရာအတတ်ပညာဦးစီးဌာန ရှိ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီး များနှင့်တွေ့ဆုံ ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အရည် အသွေးပြည့်ဝသည့် ဆရာ ဆရာမများကသာ ကျောင်းသား ကျောင်းသူများကို တိုင်းပြည်အတွက် တန်ဖိုးရှိသည့်အနာဂတ်သားကောင်းရတနာလူတော် လူကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့အစည်း အဝေးတွင် ဆရာအတတ်ပညာသင်တန်းများ အရည် အသွေးမြင့်မားရေး၊ အခြေခံပညာရေးကဏ္ဍ၏လိုအပ် ချက်ပြည့်မီအောင် ဆရာ ဆရာမများ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးကို စနစ်တကျစီမံချက်ညှိနှိုင်း ရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာ ရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ ပညာရေး ဒီဂရီကောလိပ်ကျောင်းများ အရည်အသွေးတိုးတက် မြင့်မားရေးအတွက် အမြဲမပြတ်ကြိုးစားအားထုတ် လေ့လာဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေး ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို ပံ့ပိုး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဒီဂရီကောလိပ်များတွင် မူလတန်းပြ၊ အလယ်တန်းပြ ဆရာအတတ်ပညာသင်တန်းများ၊ အထက်တန်းပြအဆင့်သို့ဦးတည်သောသင်တန်းများ ဖွင့်လှစ်နိုင်မည့်အခြေအနေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက ပညာရေး ဒီဂရီကောလိပ်မှဖွင့်လှစ်သည့် သင်တန်းများ၏ သင်တန်းကာလဆိုင်ရာ သတ်မှတ်ချက်များကိုလည်း ကောင်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဒေါ်နှင်းကြည်က ဆရာအတတ်ပညာဦးစီး ဌာန ပညာရေးဒီဂရီကောလိပ်များက နှစ်စဉ်သင်တန်း သား သင်တန်းသူများ သင်ကြားပေးနိုင်မှု၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်သင်တန်းဖွင့်လှစ်မှု ဆိုင်ရာများကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့် တက်ရောက် လာသည့် ကျောင်းအုပ်ကြီးများက ပညာရေးဒီဂရီ ကောလိပ်သင်တန်းများ၊ အခြေခံပညာနှင့် ပေါင်းစပ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း ကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး က ဖြည့်စွက်ဆွေးနွေး၍ လိုအပ်သည်များကိုပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



နေပြည်တော် စက်တင်ဘာ ၁၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ဖွင့်ပွဲအခမ်းအနား မီးရှူးတိုင်သယ်ယူရေးနှင့် ပရိသတ်များ တက်ရောက်အားပေးနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီအတွင်း ရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဦးစီးကော်မတီတွဲဖက် အတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား အားကစားပွဲတော်ကျင်းပရာတွင် အဓိကကျသည့် ဖွင့်ပွဲအခမ်းအနားအစီအစဉ်၌ ပါဝင်သော မီးရှူးတိုင် သယ်ယူရေး၊ သယ်ဆောင်ရာတွင် မော်တော်ယာဉ် လုံလောက်မှုရှိစေရေးနှင့် လမ်းတစ်လျှောက် သတ်မှတ် နေရာများတွင် ပရိသတ်အင်အားထားရှိရေး၊ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများတွင် ပရိသတ်အင်အားပြည့် လာရောက်ကြည့်ရှုအားပေးနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ကျင်းပရေး ဦးစီးကော်မတီတွဲဖက်အတွင်းရေး မှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးထွန်းမြင့်ဦးက မီးရှူးတိုင်ထားရှိမည့် နေရာသတ်မှတ်ထားရှိမှု၊ မီးရှူးတိုင် လက်ဆင့်ကမ်း သယ်ယူမည့်အစီအစဉ်နှင့် သယ်ယူမည့်လမ်းကြောင်း၊ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် ပရိသတ်အင်အား လုံလောက်မှုရှိစေရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချ ထားရေးနှင့် မော်တော်ယာဉ်ဆိုင်ရာကိစ္စများကို လည်းကောင်း၊ တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား မီးရှူးတိုင်သယ်ယူရေးနှင့် ပရိသတ် များ တက်ရောက်အားပေးနိုင်ရေးအတွက် မော်တော် ယာဉ်ကြို၊ ပို့ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေး လမ်းနှင့် တံတားများ ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ် သာစည်ဘူတာမှ ဝမ်းတွင်းမြို့နယ် သပြေတောင်းဘူတာအထိ မွမ်းမံ ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်း ကောင်း၊ မွန်းလွဲပိုင်းတွင် ဝမ်းတွင်း မြို့နယ် စမုံနှင့် သပြေတောင်း ဘူတာအကြား မိုင်တိုင် (၃၃၃/၁) ၌ အစုန်လမ်းတံတားအမှတ် (၆၉၁)၏ ပေ ၄၀ သံပေါင် ခုနစ်ခု အနက် လေးခု ရေထဲပြုတ်ကျ ပြီး ကမ်းကပ်ခုံ နှစ်ဖက်ရှိ သံပေါင်များသာ ကျန်ရှိသည့် အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ရေများ ပြန်လည်ကျဆင်းသွား ပြီဖြစ်သဖြင့် စက်ယန္တရားများ အသုံးပြု၍ တံတားအား အမြန်ဆုံး ပြန်လည်စစ်ဆေး ပြုပြင်နိုင်ရေး မှာကြားခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း “ရာဂီ” ၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး နေပြည်တော်ကောင်စီ နယ်မြေ၊ မန္တလေးတိုင်းဒေသကြီး တို့နှင့်ဆက်စပ်သည့် ရန်ကုန်- မန္တလေး ရထားလမ်းမကြီးနှင့် ရှမ်းပြည်(တောင်ပိုင်း) သာစည်- ရွှေညောင်-တောင်ကြီး ရထား လမ်းပိုင်းတို့တွင် ရထားလမ်း တာပေါင်နေရာများနှင့် တံတား များ ရေတိုက်စား၍ ပျက်စီးခဲ့မှုများ ကြောင့် ရထားခရီးစဉ်များကို ယာယီရပ်ဆိုင်းထားရသဖြင့် ခရီး သည်နှင့် ကုန်စည်သွားလာပို့ဆောင် မှုလုပ်ငန်းများ ထိခိုက်လျက်ရှိရာ ရထားများ အမြန်ဆုံးပြန်လည် ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့ မီးရထားအနေဖြင့် ရထားလမ်း နှင့်တံတားများ ပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင် ရေးအစီအစဉ်တို့ဖြင့် စနစ်တကျ စီမံကြီးကြပ် ဆောင်ရွက်လျက်ရှိ ကြောင်း မြန်မာ့မီးရထားမှ သိရ သည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၆

မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်း လွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇေယျ က အမှာစကားပြောကြား၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်း အနားကျင်းပရခြင်းရည်ရွယ်ချက်များကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်း အမှတ် အသိပညာပေးဗီဒီယိုကလစ်ကို ပရိုဂျက်တာဖြင့်ပြသပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စက်တင်ဘာ ၁၁ ရက် က ကျင်းပခဲ့သော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သူများအား တာဝန်ရှိ သူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်အခြေခံနှင့် ကြိမ်အချောထည်စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်　စက်တင်ဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ရွာသာကြီးပျိုးဥယျာဉ်သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ပင်လယ်ကမ်းရိုး တန်းတစ်လျှောက် ဒီရေတောများကို သဘာဝအစိမ်းရောင်တံတိုင်းဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊ တရားမဝင်သစ်တားဆီးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်၊ ပျိုးပင်သက်တမ်းနှစ်နှစ်နှင့်အထက် ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိရေးဆောင်ရွက်သွားရန် မှာကြား ပြီး ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၂၂ မျိုးဖြင့် ပျိုးပင် ၃၈၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံအရှေ့စက်မှုဇုန်အတွင်းရှိ National Wood Industry သစ်အချောထည်စက်ရုံသို့သွားရောက်၍ သစ်အချောထည်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံ



စက်ရုံများအနေဖြင့် အရည်အသွေးပြည့်ဝသော သစ်အချောထည်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ပြီး ပြည်တွင်း/ ပြည်ပဈေးကွက်များသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေရှာဖွေမှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိကြောင်း၊ ပြည်ပဈေးကွက်သို့ သစ်အချောထည် ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေးအတွက် ကုန်ကြမ်းရရှိရေးနှင့် အခြားလိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ Classic Home ကြိမ်အချောထည်နှင့် ပရိဘောဂစက်ရုံသို့ သွားရောက်၍ ကြိမ်ပရိဘောဂထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်မှုအခြေအနေများ၊ ပြည်တွင်း/ ပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချမှုနှင့် ကြုံတွေ့ရသော အခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မင်္ဂလာဒုံ ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၇ မျိုးဖြင့် ပျိုးပင် ၄၀၀၀၀ ပျိုးထောင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ TK-Interiors ကြိမ်အချောထည် စက်ရုံသို့သွားရောက်၍ ကြိမ်အချောထည် ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်း အမှတ် (၉) သစ်စက်နှင့် အမှတ် (၄) သစ်စက်တို့သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲခြင်းအား သစ်တောကာကွယ်ထိန်းသိမ်းခြင်းကို ဦးစားပေး၍ အကန့်အသတ်ဖြင့် အနည်းဆုံး လိုအပ်ချက်ကိုသာ ထုတ်ယူလျက်ရှိကြောင်း၊ ထွက်ရှိလာသောသစ်များကိုလည်း တန်ဖိုးမြှင့်သစ်အချောထည်များ ထုတ်လုပ်ပြီး ပြည်တွင်း/ ပြည်ပဈေးကွက်များရှာဖွေ၍ ရငွေလျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း မှာကြားကာ စက်ရုံအတွင်း သစ်ခွဲစိတ်ဆောင်ရွက်နေမှု အခြေအနေနှင့် သစ်ခွဲသားများ လပ်ပုံထိုင်ဆောင်ရွက်ထားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်ရုပ်ရှင်ပွဲတော် ၂၀၂၄ (ရိုးရာအားကစားနှင့် ရိုးရာအစားအစာ) မှတ်တမ်းရုပ်ရှင် လူငယ်အနုပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်း အကြိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်　စက်တင်ဘာ ၁၆**

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအစီအစဉ်(MKCF)အရ မဲခေါင်ရုပ်ရှင် ပွဲတော်(၂၀၂၄) (ရိုးရာအားကစားနှင့် ရိုးရာအစားအစာ) မှတ်တမ်းရုပ်ရှင် လူငယ်အနုပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေး ခြင်း အကြိုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel, Pyay Conference Room ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ်၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံအခြေစိုက် မဲခေါင်- ကိုရီးယားအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံရုံးတာဝန်ခံများ၊ စီမံကိန်းအကြံပေးပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဒေါက်တာ ကေသီထွေးနှင့် တာဝန်ရှိသူများ၊ စီမံကိန်းစီမံကွပ်ကဲရေးအဖွဲ့ (PIA TEAM) အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇ်က ယနေ့အခမ်းအနားတွင် မှတ်တမ်းရုပ်ရှင် လူငယ်အနုပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့တွင် ကျင်းပနိုင်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ရိုးရာအားကစား၊ ရိုးရာအစားအစာများမှတစ်ဆင့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကို ဆွဲဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးက နားလည်၊ နှစ်သက်၊ ခံစားမိပြီး အချင်းချင်းအပြန်အလှန် လေးစားတန်ဖိုးထားတတ်မှုများ မြင့်တက်လာစေမည်ဖြစ်ကြောင်း၊ မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများကို အတူတကွ နားလည်မျှဝေခံစားတတ်ခြင်းသည် လူ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံချင်းပေါင်းစည်း ဆက်နွယ်စေနိုင်သည့် သံခင်းတမန်ခင်းတစ်ရပ်လည်း ဖြစ်ကြောင်း။

မတူညီသော နိုင်ငံတစ်နိုင်ငံက ရိုးရာအားကစားနည်းတစ်ခု၊ ရိုးရာအစားအစာ တစ်ခုကို ပါဝင်ကစားကြည့်၊ မြည်းစမ်းကြည့်သည့်အခါ ဆန်းသစ်သည့် အတွေ့အကြုံ၊ အရသာနှင့်အတူ စိတ်ဝမ်းကြည်နူးစေရုံသာမက အားကစားနည်းတစ်ခုချင်းစီ၊ အစားအစာတစ်ခုချင်းစီတွင်ပါဝင်သည့် အမွေအနှစ်၊ ဓလေ့ယဉ်ကျေးမှုများကိုပါ နားလည်ယုံကြည်သွားစေနိုင်ကြောင်း၊ မဲခေါင်ရုပ်ရှင်ပွဲတော်မှတစ်ဆင့် မဲခေါင်-ကိုရီးယားအဖွဲ့ဝင် နိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဆိုင်ရာ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးကို အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာနမှ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ရိုးရာအားကစားသရုပ်ဖော်အကအလှဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ စီမံကိန်းအကြံပေး ပညာရှင်များက မှတ်တမ်းရုပ်ရှင် လူငယ်အနုပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တော အပိုင်း (၁) နှင့် အပိုင်း (၂) သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက(၃၃၀) ရှိသော နယ်မြေကို **"ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တောအပိုင်း (၁)"** နှင့် ဧရိယာအကျယ်အဝန်း ဧက (၃၀) ရှိသော နယ်မြေကို **"ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တောအပိုင်း(၂)"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၈၂/ ၂၀၂၄)အရ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း (၇)ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်) မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များအား ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတု သာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ရွှေနတ်တောင် ကြိုးပြင်ကာကွယ်တောအပိုင်း(၁)နှင့်အပိုင်း(၂)သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အပူပိုင်းဒေသ၏ ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် သန်း၊ ဒဟတ်၊ ရှား၊ ထနောင်း၊ တမာ၊ ဆူးဖြူ၊ နဘဲ စသည့်



ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တော အပိုင်း(၁) နှင့် အပိုင်း (၂) တို့၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်း သုံး သစ်၊ ထင်း၊ ဝါးနှင့် အခြားအပူပိုင်းဒေသထွက်သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိနိုင်ခြင်း၊ အရိပ်နှင့် နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ငုံး၊ ယုန်၊ ရှဉ့်စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေတိုက်စားမှု၊ လေတိုက်စားမှုများမှ တားဆီးကာကွယ်နိုင်မည် ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်မျှတလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# တရားမရှိအယူမှား၍ အမုန်းတရားအာဃာတများ မတိုးပွားစေရန် .....

မိုးကေနိုင်

တစ်ခါတစ်ရံ ရေးသားချက်၊ ပြောဆိုချက်တွေက တရားစကားကို အခြေခံသော်လည်း လိုရင်းက အဆိုးဘက်ရောက်ပြီး အမုန်းနှင့် အာဃာတချည်းသာဖြစ်နေတတ်သည်။ မြတ်စွာဘုရား၏ တရားတော်များကို တလွဲအသုံးချ၊ အမှန်ကို အမှားပြုကာ ကုသိုလ်စကားပြောနေသော်လည်း ကိုယ်လုပ်နေသည့်အလုပ်က အကုသိုလ်ဖြစ်နေမှန်းမသိ၊ ထိုသူကိုယ်တိုင်ပင် ကုသိုလ်၊ အကုသိုလ်ကို ခွဲခွဲခြားခြား မသိ၍ ဖြစ်ပါလိမ့်မည်။ ထိုသို့ခွဲခြားမသိသည်က မောဟဆိုသည့် ဉာဏ်မဲ့မှုတရား တစ်နည်း အမှန်ကိုအမှားထင်၊ အမှားကိုအမှန်ထင်၊ အမြင်မှား၊ အယူမှား ဖုံးလွှမ်းလွန်း၍ ကိုယ်ပြောလိုက် ရေးလိုက်သော စကားတစ်ခွန်း၊ စာတစ်ကြောင်းက လူအများကို တွေဝေမိုက်မဲစေပြီး အကုသိုလ်ဖြစ်သွားတတ်သည်ကို မသိတော့၊ ထိုသူတို့၏ မသာယာ မသင့်လျော်သည့် အမူအကျင့်များအောက်တွင် တရားမဲ့မှုများဖြင့် ပျက်စီးခြင်းများသာဆိုက်၍ အကျည်းတန်ဖြစ်ကြရတော့သည်။

### ဒုဋ္ဌန တဲ့ ဗာလ တဲ့ ကီနာသ တဲ့..
### ပြောဆိုရေးသားချက်တွေက

လူတစ်ယောက်ကတစ်ယောက်ကို၊ အဖွဲ့တစ်ခုကတစ်ခုကို မဟုတ်တာ၊ မမှန်တာ၊ အခြေအမြစ်မရှိတာကို စွပ်စွဲပြစ်တင်ဝေဖန်ခြင်းသည် ကောင်းသောအရာမဟုတ်ပါ။ သာမန်လူအချင်းချင်းက တော်သေးသည်၊ သီလ၊ သမာဓိ၊ ပညာရှိသူများအပေါ် မမှန်ဘဲ စွပ်စွဲပြစ်တင်မိလျှင် ပို၍အပြစ်ကြီးသွားသည်။ သီလရှိသူ၊ သမာဓိရှိသူ၊ ပညာပြည့်သူမှာသူကြားရ၊ မြင်ရအာရုံတိုင်းမှာ လိုက်မခံစား၊ သူများအကုသိုလ်ကိုကိုယ့်အကုသိုလ်မဖြစ်အောင်နေ၊ ကုသိုလ်ဖြစ်အောင်လုပ်ပြီး ကိုယ်ရောအများပါ ငြိမ်းချမ်းအောင်ပြုနိုင်စွမ်းသူများ ဖြစ်ကြသည်။ စိတ်ထားဖြူစင်၍ မေတ္တာတရားကြီးသူများ ဖြစ်တတ်သည်။

အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန် ချင့်ချိန်တတ်သူများဖြစ်၍ ထိုကဲ့သို့ လူကောင်းသူကောင်းများကို သွားစော်ကားမိဖို့ မသင့်ပါပေ။ သူယုတ်မဟုတ်ပါဘဲ ဘာကြောင့် သူယုတ်ဟု စွပ်စွဲရသနည်း၊ လူမိုက်မဟုတ်ဘဲ ဘာကြောင့်လူမိုက်ဟု ပြစ်တင်နေရသနည်း။ သူများအသက်ခန္ဓာများကို မတရားသတ်ဖြတ်နေကြသူများမှာ အဘယ်သို့သော လူမျိုးနည်း။ အကြောင်းအကျိုး မျှတမှန်ကန်စွာဖြင့် ပြောတတ်၊ ဆိုတတ်၊ ပြုမူတတ်ရပါမည်။ ဘုရားရှင်၏စကားများကို တိုက်ရိုက်ရေးချပြီး အဓိပ္ပာယ်မသိဘဲ ပြောနေရုံနှင့်မပြီးပါ။ ဒုဋ္ဌနဟုသတ်မှတ်ရန်၊ ဗာလဟုဆိုရန်၊ ကီနာသဟုညွှန်းရန် အဘယ်အကြောင်းအချက်တွေရှိသနည်း။ တစ်ဦးတစ်ယောက်ကိုသူယုတ်ဟုပြောလျှင် သူယုတ်တစ်ယောက်၏ အမှတ်အသားလက္ခဏာများ၊ သူယုတ်တစ်ယောက်၏ လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံ၊ သူ့အနေဖြင့် ဘာကြောင့် ဒီလိုဖြစ်နေရသလဲ နောက်ခံအကြောင်းတရား၊ ထို့နောက်မှ သူယုတ်မာဟု သတ်မှတ်နိုင်လောက်သည့် မိမိ၏ ဉာဏ်ပညာအတိုင်းအတာ စသည်တို့ကို ပိုင်းခြားဆန်းစစ်နိုင်သူ ဖြစ်သင့်ပါသည်။ ထိုသို့မဟုတ်ဘဲ အကြောင်းမဲ့၊ မခိုင်လုံဘဲ ပြောကြားနေရုံဖြင့် အလုပ်မဖြစ်၊ မိမိကိုယ်တိုင်ပင် မကောင်းသူ သူယုတ်မာဖြစ်သွားနိုင်သည်ကို သတိပြုစေချင်ပါသည်။

မနုဿဟူသောလူတို့မှာ ပုထုဇဉ်ဖြစ်၍ အမှားနှင့်တော့မကင်းနိုင်ပါ။ သို့သော် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းအောင်ဆောင်ရွက်နေသူ၊ အေးချမ်းသာယာအောင်ဆောင်ကြဉ်းနေသူ၊ မြတ်စွာဘုရားသာသနာအဆုံးအမများကို ထိန်းသိမ်းစောင့်ရှောက်နေသူများ၊ ဘာသာသာသနာကို ချီးမြှင့်နေသူများသည် အများထက်သာ၍ အမှားနည်းမှာတော့ သေချာပါသည်။ အမှားနည်းတော့ အကုသိုလ်လည်း နည်းမည်။ မနောကံစိတ်ထား မည်သို့ရှိသည်မသိ၊ ကာယကံ မြောက်အပြုအမူ၊ ဝစီကံမြောက်အပြောအဆိုမှာတော့ ကုသိုလ်၊ အကုသိုလ် ကွဲပြားသွားမှာသေချာသည်။ သူယုတ်မဟုတ်သည့်သူကို သူယုတ်ဟုစွပ်စွဲခြင်း၊ လူမိုက်မဟုတ်သူကို လူမိုက်ဟု သမုတ်ခြင်း၊ လူမသတ်ဘဲ လူသတ်သမားဟု ထပ်ကာထပ်ကာ အကြိမ်များစွာ ဝေဖန်မိသူကိုယ်တိုင်မှာ ယခုပစ္စုပ္ပန်မှာတင် အကုသိုလ်ဇောများ အကြိမ်များစွာဖြစ်နေမှာ သေချာသည်။ လူကောင်းကို လူမိုက်ဟုစွပ်စွဲပြီး ကိုယ်ကိုယ်တိုင်ကမူ လူယုတ်လူမိုက်၊ ဒုစရိုက်သမား ဖြစ်နေလျှင် ပိုဆိုးသည်။ လားရာဂတိ ဘယ်လိုမှ ကောင်းစရာမရှိ အပါယ်လားမှာ သေချာလှသည်။

### အမှတ်မှားခဲ့သည့် သညာကြောင့်သာ

ပြန်ဆန်းစစ်လျှင် ထိုကဲ့သို့ အဓိပ္ပာယ်မဲ့၊ တရားလက်လွတ်ပြောဆိုရေးသားသူများမှာ တစ်စုံတစ်ခုသော အကြောင်းအရာတစ်ခု၊ ကိစ္စတစ်ခု လူတစ်ယောက် ကို မှတ်သားထားစဉ်ကတည်းကပင် ကောင်းတာကို ကောင်းသည်ဟုမမှတ်၊ အမှားအဖြစ်သာ မှတ်ထားမိ၍ဖြစ်သည်။ "သညာ" ဟုခေါ်သည့် ထိုကိုယ်မှတ်သားထားသောအရာကိုလည်း ကောင်းစွာမစီမံတတ်သည့်အပြင် မကောင်းသောအနိဋ္ဌာရုံကို ကောင်းသောဣဋ္ဌာရုံဟု၊ ကောင်းသောဣဋ္ဌာရုံအစစ်ကို မကောင်းသောအနိဋ္ဌာရုံအဖြစ် အမှတ်မှား မှတ်ထားလေ့ရှိကြပြီး အကုသိုလ်ကို အကုသိုလ်မှန်းမသိလောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ့ရှိကြသည်။ မကောင်းတာကို ကြိုက်တတ်ပြီး ကောင်းတာကိုမူ ပစ်ပယ်လေ့ရှိကာ အနှစ်မဟုတ်သည်ကို အနှစ်ဟု ထင်မှတ်မှား၍ အမှားမှာ ယစ်မူးလေ့ရှိကြသည်။ ထို့ကြောင့်လည်း လူကောင်းကို လူကောင်းဟုမထင်၊ လူမိုက်ကိုလည်း လူမှန်ဟု ထင်မှတ်မှားနေကြခြင်းဖြစ်သည်။ အတိတ်ဘဝ၊ အတိတ်ကာလများက သူတို့မှတ်သားထားသည့် သညာဟုခေါ်သည့် မှတ်သားမှုများ မကောင်းခဲ့၍ဖြစ်သည်။ မှတ်သားမှုများမကောင်းခဲ့၍ ဝေဒနာဟုခေါ်သည့် အာရုံမှာ ခံစားမှုများလည်း မကောင်းဘဲ အကုသလဝိပါက်ဖြစ်သည့် အကုသိုလ် အကျိုးများ ကြုံလာရခြင်းဖြစ်သည်။

ကောင်းသောအာရုံဖြစ်သော်ငြား ဒေါသနှင့် ဒေါသဇော၊ မကောင်းသောအာရုံဖြစ်သော်လည်း လောဘနှင့် လောဘဇောဖြစ်ပြီး မစင်တောထဲက လောက်များနှယ်၊ မစင်တွင်းထဲက ဝက်များနှယ် ဖြစ်နေရကာ အမှန်မှာ သနားစရာပင်ကောင်းနေတော့သည်။ ဩော်..သူတို့မှာ မသိမှုအဝိဇ္ဇာခြုံရုံနေပါလား၊ အမှန်အမှားမသိမှုကြောင့် တဏှာအရင်းခံပြီး ပြောမိပြောရာ၊ လုပ်မိလုပ်ရာတွေဖြစ်နေပါလား၊ သူတို့ပြုခဲ့၊ ပြောခဲ့ အကုသိုလ်တွေကြောင့် အပါယ်သို့ လားရမှာပါလား၊ သူတို့ကသာ တကယ့်ကို လူ့ဗာလ၊ သနားစရာကောင်းသူများဖြစ်၍ အပြစ်လည်း မတင်မိ၊ ထို့ကြောင့်လည်း တကယ့် ဗုဒ္ဓဘာသာဝင် သူတော်စင်ကြီးများ၊ သံဃာတော်ကြီးများ၊ ရတနာသုံးပါးကြည်ညို၍ အများအကျိုးဆောင်နေသူပုဂ္ဂိုလ်များမှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ပြည့်ဝကြသူများဖြစ်၍ ဘယ်လောက်ခံရခံရ ကံအကျိုးပေးဟု မှတ်၍ ဘာအာရုံနှင့်တွေ့တွေ့ ဘာမှမတုံ့ပြန် ဆိတ်ဆိတ်နေနိုင်ကြခြင်းဖြစ်ဟန်တူသည်။ ဒါသည်ပင် စွပ်စွဲပြောဆိုနေသူများအပေါ် မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာဖြင့် ခွင့်လွှတ်နေခြင်းဖြစ်သည်။

ကိုယ့်ဘက်က တုံ့ပြန်လိုက်လျှင် သူတို့မှာ ပညာအားနည်းသူများဖြစ်၍ သူတို့မှာဒေါသတွေသာ ပိုထွက်လာမည်၊ လောဘတွေပိုများလာမည်၊ အမိုက်မှောင်မှာ အကုသိုလ်ပိုကြီးသွားမှာစိုး၍ မိမိဘက်က မတုံ့ပြန်ခြင်းလည်း ဖြစ်ဟန်တူသည်။ တချို့များ ဒီလိုမတုံ့ပြန်တာကိုပင် သူတို့ပြောတာ၊ ဆိုတာ မှန်နေ၍၊ဟုတ်နေ၍ဟု ထင်မှတ်မှားနေကြပြန်သည်။ ပညာရှိသူဟူသည် သူဆဲတိုင်း လိုက်မဆဲတတ်၊ သူရန်ပြုတိုင်းလည်း လိုက်ပါရန်မဖွဲ့တတ်၊ ရန်မီးမပွားဘဲ ငြိမ်းအေးလိုသည့်ဆန္ဒသာရှိသည်၊ ဘာဝနာပညာပြည့်သူများအနေဖြင့်မူ လောကမှာနှိပ်စက်မှု၊ ပူလောင်မှုမှန်သမျှကို ဒုက္ခအဖြစ်သာမြင်၍ ထိုသို့ပြုသူများအပေါ် အပြစ်မမြင်တတ်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ သည်းခံပြီး ငြိမ်းချမ်းရေးလမ်းစဉ်ကိုသာ တစိုက်မတ်မတ် လိုက်နေခြင်းဖြစ်သည်။

သူတော်ကောင်းဟူသည် အငြိုးအတေးမထားတတ်၊ အသာစီးကမနေတတ်၊ ဆန့်ကျင်ဘက် အငြိုးအတေးထားသူများ၊ နေရာတကာအသာစီးရလိုသူများအနေဖြင့်မူ ငါတို့သည်သူတော်ကောင်းတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ သူယုတ်မာလူမိုက်များ ဖြစ်နေပါလားဟူ၍ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နိုင်အောင်သာ ကြိုးစားသင့်ကြသည်။ သူတို့အဖြစ်ကို ကြည့်၍ အလွန်သနားနေသည့် ကရုဏာမေတ္တာရှင်များ၏ အတွင်းအဇ္ဈတ္တကိုသာ မြင်နိုင်စွမ်းရှိအောင် ကြည့်ကြပါစို့လား..။ ထိုသူတွေ၊ ထိုလိုလူတွေနှင့်ဖွဲ့စည်းထားသည့် အဖွဲ့အစည်း၊ သူတို့နှင့်ပတ်သက်သည့်ပတ်ဝန်းကျင်များမှာ အဘယ်မှာလျှင် ဒုဋ္ဌန ဗာလ ကီနာသတို့ ဖြစ်နိုင်တော့မှာလဲ၊ မိမိကိုယ်တိုင်သာ ပြန်လည်ဆန်းစစ်စေချင်လှသည်။

### ပရာဘဝ မဖြစ်နိုင်ပါ

အထက်ပါ သူတော်ကောင်းတရားများနှင့် ပြည့်စုံပါက ပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်သည့် ပရာဘဝအဖြစ်နှင့် မည်သို့မှမကြုံနိုင်ပါ။ ပရာဘဝဟူသည် မင်္ဂလာတရားနှင့်ဆန့်ကျင်ဘက်ဖြစ်ကြောင်း ဘုရားရှင်က ဟောကြားခဲ့သည်။ ယနေ့ ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် အချိန်ရပါက ဗုဒ္ဓ၏တရားတော်များကို နာယူကြ၏။ အချိန်လု၍လည်း တရားနာယူကြခြင်းမှာ သူတော်ကောင်းတရားများကို နှစ်သက်၍ဖြစ်သည်။ တရားနာ၍ အသိတိုးသိရုံမက လိုက်နာကျင့်ကြံခြင်းဖြင့် မိမိပတ်ဝန်းကျင်၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ သာယာလှပအောင် အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်နေကြသည်ကို လက်တွေ့မြင်နိုင်ပါသည်။ ဆန့်ကျင်ဘက်တို့ကား ပုတ်ခတ်စွပ်စွဲရုံမှလွဲ၍ အခြားဘာမျှ မလုပ်တတ်။ မင်္ဂလာတရားနှင့်ဆန့်ကျင်၍ မိမိကိုယ်တိုင် ပရာဘဝဖြစ်၊ မဖြစ် ဆန်းစစ်ရန်နှင့် ဆန်းစစ်နိုင်သည့်အသိဉာဏ်ရှိရန်လည်း လိုပါသည်။

ကိုယ်လုပ်သည့်အပြုအမူ အပြောအဆိုတွေက အများအကျိုးရှိရဲ့လား၊ အများပြည်သူဒုက္ခပူဆွေးသောကရောက်အောင် ပြုမိနေသလား၊ ကိုယ်ပိုင်ပစ္စည်းဥစ္စာ၊ အိုးအိမ်တိုက်တာ၊ အများပိုင်ပစ္စည်းတွေ၊ လမ်းတွေ၊ တံတားတွေဖျက်ဆီးရာမှာ၊ သူများအသက်ကိုသတ်ဖြတ်ရာမှာ အားပေးပါဝင်တိုက်တွန်း မိနေပါသလား၊ မကောင်းသည့်အနိဋ္ဌာရုံတို့ကို ထောက်ပံ့ဝန်းရံသလိုများ ဖြစ်နေပါသလား၊ သူတော်ကောင်းအပြုအမူရှိ၊ မရှိ၊ မင်္ဂလာတရားများနှင့်အညီဖြစ်၊ မဖြစ် အကဲဖြတ်ကြည့်စေလိုပါသည်။

မြတ်စွာဘုရား၏ တရားတော်များကို ယနေ့ ဆရာတော် သံဃာတော်များ၊ သူတော်ကောင်းများစွာက လက်ဆင့်ကမ်းထိန်းသိမ်းကာ ဟောကြားသည်များကို နှစ်သက်မြတ်နိုးစွာဖြင့် အစဉ်မပြတ်နာယူမှတ်သား လိုက်နာကျင့်ကြံကြသူများသည် လူယုတ်မာဟူ၍ မည်သို့မျှမဖြစ်နိုင်သလို ကိုးကွယ်ဆည်းကပ်မှုမှားသည်ဟုလည်း မဆိုနိုင်ပါ။ တရားကြောင့် ဒါနကိုလည်းပြုနိုင်ကြသည်၊ သီလကိုလည်းစောင့်ထိန်းနိုင်၊ ဘာဝနာကိုလည်း အားထုတ်နိုင်ကြသည်ကိုကြည့်၍ အကဲဖြတ်နိုင်သလို လူတို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ သူများဥစ္စာခိုး၊ အတင်းအဓမ္မ စော်ကားပြုကျင့်ခြင်း၊ ကြမ်းတမ်းသောစကား၊ မလျော်ကုန်းတိုက်သောစကားများဖြင့် လိမ်ညာပုတ်ခတ်စွပ်စွဲခြင်း၊ မူးယစ်ဆေးရောင်းဝယ်ဖောက်ကား၊ ကိုယ်တိုင်လည်း သုံးစွဲကြသည်ကို ကြည့်၍လည်း သီလနှင့်ညီ၊ မညီ ဆန်းစစ်နိုင်ပါသည်။ သီလရှိသူ၊ ကုသိုလ်ပြုနေသူကို စွပ်စွဲမိလျှင် ကိုယ်တိုင်က သီလမရှိ၊ အကုသိုလ်သာဖြစ်နေကြောင်းကိုတော့ သတိပြုရမည်ဖြစ်သည်။

ယခုခေတ်ကာလကြီးကား ဆုတ်ကပ်ထဲရောက်နေပြီး ပျက်ချိန်တန်ပျက်၍ ပြဿနာများနှင့် ပျက်စီးခြင်းကြုံရသူများ များပြားလာသည်ကို သတိထားမိသည်။ အပျက်များကြားမှာ ကိုယ်မပါစေရန် မဖြစ်သေးသည့်အကုသိုလ်ကို မဖြစ်မိအောင် အကုသိုလ်အမှုမှန်သမျှ တတ်နိုင်သမျှ ရှောင်ရှားကြပြီး ကုသိုလ်အလုပ်များ ပိုတွေး၊ ပိုပြော၊ ပိုလုပ်ဖြစ်အောင်သာ ဝီရိယထားသင့်ပါသည်။ ဘယ်အရာမဆို အကြောင်းကြောင့် အကျိုးရသည်ချည်းသာ။ အကြောင်းဟူသည် တစ်ခုတည်းလည်း ဘယ်တော့မှမလာ၊ အကြောင်းတရားတို့ပေါင်းစုံညီညွတ်၍သာ အကျိုးတရားဖြစ်လာရသည်ကို သိထားလျှင် ဘယ်သူ့ကိုမှ တရားလက်လွတ် စွပ်စွဲနေတော့မည် မဟုတ်ပါ။ သူ့ကြောင့်လို့သာ စွပ်စွဲပြောဆိုဝေဖန်နေတာ၊ တကယ်တမ်းကျတော့ ကိုယ်ကိုယ်တိုင်လည်း လောဘ ဒေါသကမလျော့၊ အယူကတလွဲ၊ အတွေးက မမှန်၊ အပြောမှား ၊ အလုပ်မှားများဖြစ်နေပါသလား၊ ထပ်ကာထပ်ကာ ဆန်းစစ်စေလိုပါသည်။

ကိုယ့်အပြော၊ ကိုယ့်အရေးတစ်ခုကြောင့် လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခပိုကြီးထွားလာသည်ဆိုလျှင် ဒါသည်ကိုယ့်ဘက်က အမှားဟု ဆင်ခြင်နိုင်စွမ်းရှိရပါမည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ်သာ ဆင်ခြင်သုံးသပ်၍ ဗုဒ္ဓ၏တရားတော်များကို သိအောင်လုပ်ကြပါ။ ကုသိုလ်မဲ့၍ တရားရှိသူကို အနှောင့်အယှက်ပေးရန်ခက်သည့်အတွက် တရားသဘောမသိဘဲ သူများအပေါ် မကောင်းပြောခြင်းမှ ရှောင်ကြဉ်ကြပြီး လောကကြီးကို အလှဆင်နိုင်ကြပါစေ။ မှန်မှန်ကန်ကန်ပြုလုပ်သူများအပေါ် ဒုဋ္ဌန ဗာလ ကီနာသဟု တရားလက်လွတ်ပြောဆိုခြင်းများမှ ရှောင်ရှားပြီး ကိုယ်ကိုယ်တိုင်ပင် ပရာဘဝအဖြစ်ဆိုးများမှ လွတ်ကင်းကြပါစေဟု ဆုတောင်းလိုက်ပါသည်။ ။

> ❝ ယခုခေတ်ကာလကြီးကား ဆုတ်ကပ်ထဲရောက်နေပြီး ပျက်ချိန်တန်ပျက်၍ ပြဿနာများနှင့် ပျက်စီးခြင်းကြုံရသူများ များပြားလာသည်ကိုသတိထားမိသည်။ အပျက်များကြားမှာ ကိုယ်မပါစေရန် မဖြစ်သေးသည့်အကုသိုလ်ကို မဖြစ်မိအောင် အကုသိုလ်အမှုမှန်သမျှ တတ်နိုင်သမျှ ရှောင်ရှားကြပြီး ကုသိုလ်အလုပ်များ ပိုတွေး၊ ပိုပြော၊ ပိုလုပ်ဖြစ်အောင်သာ ဝီရိယထားသင့်ပါသည်။ ဘယ်အရာမဆို အကြောင်းကြောင့် အကျိုးရသည်ချည်းသာ။ အကြောင်းဟူသည် တစ်ခုတည်းလည်း ဘယ်တော့မှမလာ၊ အကြောင်းတရားတို့ ပေါင်းစုံညီညွတ်၍သာ အကျိုးတရားဖြစ်လာရသည်ကိုသိထားလျှင် ဘယ်သူ့ကိုမှ တရားလက်လွတ် စွပ်စွဲနေတော့မည်မဟုတ်ပါ။ သူ့ကြောင့်လို့သာ စွပ်စွဲပြောဆိုဝေဖန်နေတာ၊ တကယ်တမ်းကျတော့ ကိုယ်ကိုယ်တိုင်လည်း လောဘ ဒေါသကမလျော့၊ အယူကတလွဲ၊ အတွေးကမမှန်၊ အပြောမှား၊ အလုပ်မှားများဖြစ်နေပါသလား၊ ထပ်ကာထပ်ကာ ဆန်းစစ် ❞

# ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်အား ပစ်ခတ်ရန်ကြံစည်သည့် သေနတ်သမားကို ဖမ်းဆီးရမိ



**ဝါရှင်တန် စက်တင်ဘာ ၁၆**

ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရမ့်သည် ဖလော်ရီဒါပြည်နယ် ဝက်စ်ပမ်းဘိချ်အနီးရှိ ဂေါက်ကွင်းတစ်ခု၌ ဂေါက်ရိုက်ကစားနေစဉ် ယမန်နေ့ မွန်းလွဲပိုင်းက သေနတ်ဖြင့် ပစ်ခတ်ရန် ကြံစည်မှုကို ခံခဲ့ရကြောင်း အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

**အသက်ဘေးမှလွတ်မြောက်ခဲ့**

ထရမ့်ဂေါက်ရိုက်ကစားသည့် နေရာနှင့် ကိုက်အနည်းငယ်အကွာရှိ ချုံပုတ်ထဲတွင် ပုန်းအောင်းကာပစ်ခတ်ရန်ကြံစည်နေသည့် သေနတ်သမားကိုလုံခြုံရေးတာဝန်ရှိသူများက တွေ့ရှိခဲ့ပြီး လက်ဦးမှုရယူပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ယခုဖြစ်စဉ်တွင် ထရမ့်အား တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

လုပ်ကြံရန်ကြံစည်သူသည် အေကေ ၄၇အမျိုးအစား ရိုင်ဖယ်သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများကို အခင်းဖြစ်နေရာတွင် ချန်ထားခဲ့ပြီး ထွက်ပြေးသွားခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းအား ပြန်လည်ဖမ်းဆီးရမိခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ယခုကဲ့သို့ ထရမ့်အား လုပ်ကြံရန်ကြံစည်မှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်ဖြစ်စဉ်မှာ ပင်ဆယ်ဗေးနီးယားပြည်နယ်၌ မဲဆွယ်စည်းရုံးမှုပြုလုပ်စဉ် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး နားရွက်ကို ရှပ်ထိကာ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ သမ္မတဟောင်း ထရမ့်အား လုပ်ကြံရန်ကြိုးပမ်းသည့် ယခုဖြစ်စဉ်ကြောင့် မိမိအတွက် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်းနှင့် ယခုကဲ့သို့သော မှုခင်းများမှတစ်ဆင့် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာမည်ကို စိုးရိမ်ကြောင်း ထရမ့်၏ ပြိုင်ဘက် လက်ရှိ အမေရိကန် ဒုတိယသမ္မတ ကင်မလာဟဲရစ်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**



## ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဘောရစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား

**ဘရာတီဆလာဗာ စက်တင်ဘာ ၁၆**

ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဘောရစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ခဲ့ပြီး ဒေသခံအများအပြား ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း သိရသည်။

**ဒေသခံထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း**

မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ရိုမေးနီးယားနိုင်ငံတွင် လေးဦးသေဆုံးခဲ့ပြီး ဩစတြီးယားနိုင်ငံတွင် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် မီးသတ်သမား တစ်ဦးသေဆုံးခဲ့သည်။ ချက်သမ္မတနိုင်ငံတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းရာမှ မြစ်ကမ်းပါးများကို ရေတိုက်စားခဲ့သဖြင့် မြစ်ချောင်းများအနီးရှိ ဒေသခံထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ယခုတိုက်ခတ်ခဲ့သည့် ဘောရစ်မုန်တိုင်းကြောင့် ဩစတြီးယားနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ ချက်သမ္မတနိုင်ငံနှင့် ပိုလန်နိုင်ငံတို့တွင် ရေကြီးရေလျှံမှုများ ဆိုးရွားစွာဖြစ်ပွားခဲ့သည်။ ဘောရစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ချက်သမ္မတနိုင်ငံအပါအဝင် ဥရောပဒေသတွင်းရှိ တံတားများ၊ လူနေအိမ်များနှင့်လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ပျက်စီးမှုဖြစ်ပွားခဲ့သည်။

ချက်သမ္မတနိုင်ငံတောင်ပိုင်းလက်ပိုဗာလန်ဇီဒေသ၌ ဘောရစ်မုန်တိုင်းတိုက်ခတ်ရာမှ ရေကြီးရေလျှံမှုဖြစ်ပွားကာ ဆည်တစ်ခု ကျိုးပေါက်ခဲ့သဖြင့် ဆည်အောက်ရှိမြို့ရွာများအား ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သည်။ ချက်သမ္မတနိုင်ငံရှိ နိုင်ငံသားများအား သဘာဝဘေးဆိုင်ရာ သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ရဲတပ်ဖွဲ့ဝင်များက တိုက်တွန်းခဲ့သည်။

ပိုလန်နိုင်ငံရှိ အဝေးပြေးလမ်းမကြီးများ၌ ဘောရစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် သွားလာမှုများ ပြတ်တောက်ခဲ့ရပြီး ပရစ်နစ်နှင့်နိုက်ဆာမြို့များအကြား ရထားပြေးဆွဲမှုများ အပါအဝင် ရထားလိုင်းများစွာကို ရပ်ဆိုင်းထားခဲ့ရသည်။

ပိုလန်နိုင်ငံ ကလိုကိုမြို့တွင် ဘောရစ်မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ဒေသခံများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များကို တာဝန်ပေးအပ်ခဲ့သည်။

ဩစတြီးယားနိုင်ငံရှိ ဗီယင်နာမြစ်နှင့် ပိုလန်နိုင်ငံရှိ ဘီလာမြစ်တို့တွင် မြစ်ရေအခြေအနေသည် စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့သည်။

ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသည့် ဩစတြီးယားနိုင်ငံ အောက်ပိုင်းအား သဘာဝဘေး အန္တရာယ်ဆိုင်ရာဒေသအဖြစ် ကြေညာခဲ့ပြီး ယမန်နေ့က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ရိုမေးနီးယားနိုင်ငံရှိ ဂါလက်မြို့တွင် အိမ်ခြေ ၅၀၀၀ခန့်ထိခိုက်ပျက်စီးခဲ့ပြီး ဆလိုဗက်ကီးယားနိုင်ငံ မြို့တော် ဘရာတီဆလာဗာတွင် သဘာဝဘေးဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ **ကိုးကား– အယ်လ်ဂျာဇီးယား**
**ဘာသာပြန် – စိုးသူရ**

## ယခုနှစ်ပထမရှစ်လအတွင်း မွန်ဂိုလီးယားနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု ၂၃ ရာခိုင်နှုန်းမြင့်တက်

**အူလန်ဘာတာ စက်တင်ဘာ ၁၆**

မွန်ဂိုလီးယားနိုင်ငံသို့ ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း နိုင်ငံခြားသားခရီးသွား စုစုပေါင်း ၅၇၆၂၈၃ ဦးဝင်ရောက်ခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း မွန်ဂိုလီးယားနိုင်ငံ ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလုပ်ငန်းနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ စက်တင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီလမှ ဩဂုတ်လအထိကာလအတွင်း ရုရှား၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများသည် မွန်ဂိုလီးယားနိုင်ငံသို့ နိုင်ငံခြားခရီးသွားများ အများဆုံး လာရောက်သည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံသည် နိုင်ငံ၏ စီးပွားရေးအတွက် သတ္တုတူးဖော်မှုအပေါ် မှီခိုနေရပြီး သတ္တုတူးဖော်ရေးလုပ်ငန်းကို အစားထိုးသည့်အနေဖြင့် ခရီးသွားလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ရန် တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်းက နိုင်ငံခြားသားခရီးသည် ၆၅၀၀၀၀ လာရောက်လည်ပတ်ခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံအထိ ရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**



## ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ခြောက်ဦးသေဆုံး၊ အနည်းဆုံး နှစ်ဦး ပျောက်ဆုံး

**မနီလာ စက်တင်ဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း ဘီဘင်ကာ ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် ခြောက်ဦးသေဆုံးပြီး အနည်းဆုံး နှစ်ဦးပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်နိုင်ငံအစိုးရက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါအပူပိုင်းမုန်တိုင်းကြောင့် ဘန်ဆာမိုရိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေးဦးနှင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအန်ဂါကျွန်းဆွယ်တွင် နှစ်ဦးသေဆုံးခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှစတင်ကာ ဖိလစ်ပိုင်နိုင်ငံသို့ ခြောက်ကြိမ်မြောက် ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဘီဘင်ကာကြောင့် ကျေးရွာပေါင်း ၃၀၀ နီးပါးမှ လူပေါင်း ၂၀၀၀၀၀ကျော် ထိခိုက်ခဲ့ကြောင်း အဆိုပါအေဂျင်စီက ပြောကြားခဲ့သည်။ ထို့ပြင် အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သူ ၁၄၀၀၀ နီးပါးသည်လည်း အစိုးရပိုင်ယာယီတဲများတွင် နေထိုင်နေကြကြောင်း သိရသည်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဘီဘင်ကာကြောင့် လမ်းများ၊ တံတားများနှင့် အိမ်များအပါအဝင် အခြေခံအဆောက်အအုံအများအပြား ပျက်စီးခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ်ပျမ်းမျှ တိုင်ဖွန်းမုန်တိုင်း ၂၀ ခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိပြီး ယင်းမုန်တိုင်းများကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုများနှင့် အခြားသော ပြင်းထန်သော သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ကာ အသက်အန္တရာယ်နှင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ရန်ကုန်မြို့တွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



မန္တလေးမြို့တွင်သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၁)ရပ်ကွက်တွင် ကြိုတင်သတင်းရရှိထားသူ ထွန်းထွန်းမြင့်အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကတ်တမင်း တစ်ကီလို၊ Happy Water ၁၀၅ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ ဘသာဇံကို ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၄၁(တိုးချဲ့)ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ရာ ၎င်း၏ဖော်ထုတ်ချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)ရပ်ကွက် စကားဝါလမ်းရှိ ဖမ်းမိတရားခံ ထွန်းထွန်းမြင့်၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၈ သိန်းနှင့် ဘိန်းဖြူ ၅၀ ဂရမ် ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် လှရွှေ(ခ) အဒူရ်မူနနှင့် ဇော်မင်းနိုင် (ခ)အင်မရန်းတို့နှစ်ဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၂ သိန်းနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၄၁ ဘီလီယံကျော်တန်ဖိုးရှိ ကတ်တမင်း တစ်ကီလို၊ Happy Water ၁၀၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ သိန်းနှင့် ဘိန်းဖြူ ၅၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့



**ရန်ကုန် စက်တင်ဘာ ၁၆**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မမိုးစန္ဒာထွန်းအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ဒူဘိုင်းမြို့ လူဝင်မှု ကြီးကြပ်ရေးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မမိုးစန္ဒာထွန်းသည် စက်တင်ဘာ ၁၅ ရက်တွင် ဒူဘိုင်း - ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ည ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့က ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူး ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **" NUG၊ CRPH ရဲ့ တော်လှန်ရေးအလှူငွေ အရှုံးအရင်းကောက် ဗန်းပြထောက်ပံ့ငွေနဲ့ ဘဝစတေးခံနေရတဲ့ PDF လူငယ်များ "** ခေါင်းစဉ်ဖြင့် ၁၈-၉-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ကိုယ်တိုင်လည်းအဖြစ်မရှိ၊ ကူညီသူသာ ဝေဖန်ပြစ်တင်လျက် ပြည်ဖျက် PDF" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် - ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

**ပြင်ဆင် ဖတ်ရှုပါရန်**

စက်တင်ဘာ ၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၂)တွင်ဖော်ပြပါရှိသည့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက် သတင်းစာသား၌ "ဆိုင်ကလုန်းမုန်တိုင်း ရာဂီ" အစား "တိုင်ဖွန်းမုန်တိုင်း ရာဂီ"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၉-၂၀၂၄ အင်္ဂါနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်) |
| ၀၆:၄၀ | စုဒ္ဓသမတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝီရိယာနန္ဒ(ကမ္ဘောဇဆရာတော်)၏ ထေရုပ္ပတ္တိမှတ်တမ်း(အပိုင်း-၃) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၁၅ | 'ဂရုဓမ္မအဩဝါဒတော်နေ့' တရားတော် |
| ၀၈:၄၀ | ကျန်းမာသောဘဝနှင့်လှပသောအနာဂတ် |
| ၀၉:၁၅ | နဝင်္ဂဥပေါသထသီလပေးတရားတော် |
| ၀၉:၃၀ | ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ် |
| ၀၉:၄၀ | Sports Diary |
| ၁၀:၄၀ | တော်သလင်းလပြည့်ဂရုဓမ္မအဩဝါဒတော်နေ့ |
| ၁၂:၁၅ | 'သင့်သဘောအတိုင်းဖါဖဲ' တရားတော် |
| ၁၃:၃၀ | MRTV National News |
| ၁၄:၄၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'ဗိုဒ္ဓိုရာ' (သိလ) |
| ၁၅:၃၀ | Weekly MNL Review |
| ၁၆:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၁၇:၁၀ | ဒေသတစ်ခုထုတ်ကုန်တစ်မျိုး |
| ၁၇:၃၀ | လွမ်းနေဦးမယ်ကရိန်နော် |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၄) |
| ၂၀:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲက ငွေရည်စိမ်မှတ်တမ်း' (အပိုင်း-၂၀)(ဇာတ်သိမ်း) |
| ၂၂:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၁၅) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon) |
| 07:10 | Offering the Lotus Robe of its Kind |
| 07:36 | Gardener of Royal Thazin Floral |
| 08:01 | News |
| 08:26 | Topics Potpourri; Revolutionizing Plastic Recycling in Sweden |
| 08:33 | Manuha Temple Festivities |
| 08:53 | Sasana Activities on Thamanya Hill |
| 09:01 | A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life |
| 09:35 | Traditional Myanmar Theatrical Performance: The Captivating Performance of Male Dancers |
| 09:42 | Waso Charity Feast |
| 10:01 | News |
| 10:26 | Lifestyle & Entertainment (Weekly Updates) |

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
Coffee ထုပ်ပိုးခြင်း လူအသုံးအဆောင်ပြုလုပ်ပုံ

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဗိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ထူးဆန်းဖွေရှာလေ့ရှိုးရာ(တံခွန်တိုင်ပွဲတော်)

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
တော်သလင်းလပြည့်နေ့(ဂရုဓမ္မအဩဝါဒတော်နေ့)

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
စွဲမက်စရာဇင်ပြုံးသီးတာလပေါ်ဟင်းလျာ

**ချင်း(ဖလမ်း) (၁၅:၀၀ မှ ၁၆:၀၀)**
ဟင်းသီးဟင်းရွက်အခေါ်အဝေါ်များ(အပိုင်း-၂)

**ချင်း(ဆီး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်းသီချင်းကြီး(အပိုင်း-၃)

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
မွန်ပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(သာစွဌာနေ ရာမညမြေ)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရေချောတိုင်တက်ပွဲ

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရွှေတြိဂံမြို့တော်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၀:၄၅ | အသိပညာနှင့်အမှန်တရား |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၈:၁၅ | Football Highlights |
| ၁၉:၄၅ | Save Our Planet Program |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ထိုင်းနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ' |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ) |
| ၁၁:၀၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၆) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၂၀ | နေ့ချင်းပူးကသိုလ်ထူးမည့် တောင်ငါးတောင်အစီဌာန်ခရီးစဉ် |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | ပို့ရင်ခွင်ထဲက လိပ်ပြာ(ဇာတ်လမ်း) |
| ၁၉:၄၅ | TIPS & TRICKS |
| ၂၂:၀၀ | Haunted Mansion(နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၁၆:၀၀ | အားကစားနည်း အခြေခံနည်းစနစ်များ |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေပြန်လည်ကျဆင်းသွားသည့် နေရာများအား သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီ ကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ရေကြီးရေလျှံဖြစ်ပေါ်နေသည့် လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့ အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ရေများပြန်လည်ကျဆင်းသွားသည့် နေရာများရှိ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာတို့အတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် သန့်ရှင်းရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန် ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာနှင့်ဇေယျာသီရိမြို့နယ်သိုက်ချောင်းကျေးရွာသို့ ဆက်သွယ်ထားသော သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)၊ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ဒိုးပင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသော သိုက်ချောင်းတံတား(ဆင်သေချောင်းကူး)နှင့် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စု ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ နဝင်းချောင်းတံတား (အဆုံ) တံတားသုံးစင်းတို့အား ယာယီဘေလီတံတား အစားထိုးခြင်းကို ပြီးစီးပြီဖြစ်၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် တံတားများအနက် တံတားခြောက်စင်းအား ယာယီဘေလီတံတား အစားထိုးခြင်းကို ပြီးစီးပြီဖြစ်၍ ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပေးထားပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲမရှိ စေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် ပြည်သူများက ထမင်းဘူးများ၊ ရေသန့်များ၊ အခြား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို လိုက်လံပေးအပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





# ကမ္ဘောဇဘဏ်လီမိတက်က ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၀ ဘီလီယံလှူဒါန်းရန် ခွင့်ပြုထားရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

ကမ္ဘောဇဘဏ်လီမိတက်က ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရေကြီးရေလျှံဖြစ်ပွားလျက်ရှိသည့် သဘာဝဘေးအန္တရာယ်သင့်နေရာဒေသများအတွက် ဘဏ်ခွဲတစ်ခုလျှင် ကျပ်သိန်း ၁၀၀၀ ဖြင့် ကျပ်ငွေ ၁၀ ဘီလီယံ လှူဒါန်းရန် ခွင့်ပြုထားကြောင်း သိရသည်။

ရေကြီးရေလျှံဖြစ်ပေါ်လျက်ရှိသော မြို့နယ်အသီးသီးရှိ ဘဏ်ခွဲအသီးသီးမှအရာထမ်းများ၊ ဝန်ထမ်းများနှင့် မြို့မိ မြို့ဖများ ပူးပေါင်း၍ တစ်နိုင်ငံလုံးရှိ ရေဘေးသင့်နေရာဒေသများအတွက် အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အဆင့်နှစ်ဆင့်ခွဲ၍ ရေဘေးသင့်ဒေသများရှိ ပြည်သူများ အသင့်စားသုံးနိုင်သော အစားအသောက်များ၊ မပုပ်မသိုးနိုင်သော အသင့်စားငါးသေတ္တာများ၊ စည်သွတ်ဘူးများ၊ သောက်ရေသန့်ဘူးများ၊ BPI ခေါက်ဆွဲထုပ်များနှင့် လိုအပ်သည့် ဆေးဝါးများ၊ အသင့်ချုပ်ပြီး ကျားဝတ်ပုဆိုး၊ မဝတ်လုံချည် အဝတ်အထည်များ၊ အမျိုးသမီးလစဉ်သုံးပစ္စည်းများ၊ ခြင်ထောင်များကိုလည်း ရေဘေးဒဏ်ပြင်းထန်အဆိုးရွားဆုံး ခံစားရသည့်နေရာဒေသများအထိ ကားကြီးများဖြင့် အလျင်မြန်ဆုံးပေးပို့ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။



ထို့ပြင် ရေဘေးဒဏ်ခံရသောမြို့များတွင်လည်း မဏ္ဍပ်များထိုး၍ ထမင်းချက်စခန်းများကို နေ့လယ်/ညစာများချက်ပြုတ်ပေးဝေခြင်း၊ ရေဘေးသင့်ကျေးရွာများအတွက်လည်း နီးစပ်ရာရေလွတ်ကျေးရွာများသို့ KBZpay ဖြင့် ငွေလွှဲ၍ နံနက်/နေ့လယ်/ညစာများကိုချက်ပြုတ်ပေးဝေခြင်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်





# နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ပျောက်ဆုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်အပါအဝင် အခြေခံအဆောက်အအုံနှင့်လမ်းတံတားများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**နေပြည်တော် စက်တင်ဘာ ၁၆**

တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းရာဂီ၏ အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာန အဆောက်အအုံ၊ စာသင်ကျောင်း၊ အခြားအဆောက်အအုံများရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၆ မြို့နယ်တွင် လူနေအိမ် ၂၁၁၆ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၁၅၈၃၇၃ လုံး ရေဝင်နစ်မြုပ်ခဲ့သဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၃၈ ခု ဖွင့်လှစ်ပြီး အိမ်ထောင်စု ၄၂၈၅၈ စု၊ လူဦးရေ ၁၆၃၇၁၀ တို့ကို တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပရဟိတ အသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာတို့တွင် စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီအထိ ကောက်ယူရရှိသော စာရင်းများအရ ပြည်သူ ၂၂၆ ဦး သေဆုံးခဲ့ပြီး ၇၇ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၈၄ မြို့နယ်တို့တွင် စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီအထိ ကောက်ယူရရှိသော စာရင်းများအရ အခြေခံအဆောက်အအုံ၊ ကောက်ပဲသီးနှံနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုများအနေဖြင့် ရုံး/ဌာန အဆောက်အအုံ ၁၁၇ လုံး၊ စာသင်ကျောင်း ၁၀၄၀၊ ဘာသာရေးအဆောက်အအုံ ၃၈၆ လုံး၊ လမ်း/တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ တိရစ္ဆာန်မျိုးစုံ စုစုပေါင်း ၁၂၈၃၄၄ ကောင် သေဆုံးခဲ့ပြီး စပါးနှင့် သီးနှံမျိုးစုံ စိုက်ဧက ၆၄၃၀၈၁ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တောင်သာမြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားနေသော PDF အမည်ခံ အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်း၊ အလောင်းအချို့နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မန္တလေး တိုင်းဒေသကြီး တောင်သာမြို့နယ် အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံ အကြမ်းဖက် သမားများသည် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်းစသည့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက် သမားများကို ဒေသခံပြည်သူလူထုက ရွံရှာမုန်းတီးလျက်ရှိပြီး တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်မှုတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တောင်သာမြို့နယ် သာယာကြီးကျေးရွာ အနီး ခိုအောင်းလှုပ်ရှားနေသော အကြမ်းဖက်သောင်းကျန်းသူများကို စနစ်တကျ ချီတက်ရှင်းလင်းခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ သာယာကြီးကျေးရွာ၏ မြောက်ဘက်ခြမ်း ကျေးရွာ စာသင်ကျောင်းနှင့် ဓမ္မပါလဘုန်းကြီး ကျောင်းတိုက်ဝန်းကျင်၌ အင်အားစုဖွဲ့ အခြေပြုလျက်ရှိသည့် ခေါင်းဆောင်နှင့် အင်အားစိစစ်ဆဲ အကြမ်းဖက်အဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့များ ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်းအချို့နှင့် ပစ္စတိုတစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ ကျည်အိမ်တစ်ခုကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ထိတွေ့မှုဖြစ်ပွားသော နေရာတစ်ဝိုက်သို့ ဆက်လက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ အသုံးပြုသော မော်တော်ယာဉ်အချို့၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ ဒေသန္တရကွန်ကြူပိုက်မိုင်းအကြီးခြောက်လုံး၊ အသေးငါးလုံး၊ စနက်တံအခု ၂၀၊ ၅.၅၆ မမကျည် အတောင့် ၁၄၀ နှင့် ဝိုင်ယာကြိုးနှစ်ခွေတို့ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း အသေးစိတ်ဆက်လက်ရှင်းလင်းခဲ့ရာ နေ့လယ်ပိုင်းမှစ၍ တောင်သာ၊ နွားထိုးကြီးနှင့် မြင်းခြံဒေသပတ်ဝန်းကျင်ရှိ အကြမ်းဖက်အဖွဲ့များ စုစည်းသည့် အင်အားစုဖြင့် ရွာတောင်ဘက်ခြမ်း၌ ထပ်မံထိတွေ့မှုဖြစ်ပွားခဲ့ရာ နှစ်ဖက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။

အကြမ်းဖက် အဖွဲ့များသည် နီးစပ်ရာစုစည်း၍ အင်အားများ ထပ်မံဖြည့်တင်း တုံ့ပြန်လာသည့်အတွက် လေကြောင်းပစ်ကူ ရယူ၍ ချေမှုန်းခဲ့ရာ ပစ်ခတ်မှုများ ညနေပိုင်းတွင် ပြီးဆုံးခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်အဖွဲ့များ ထိခိုက်သေဆုံး ဒဏ်ရာ အများအပြားဖြင့် သာယာကြီးရွာ အတွင်းမှ တောင်ဘက်နှင့် အနောက်ဘက်များသို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားပြီး မိမိ လုံခြုံရေးတပ်ဖွဲ့ဝင် အချို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။






တောင်သာမြို့ သာယာကြီးကျေးရွာတွင် အကြမ်းဖက်သမားများ အသုံးပြုသည့် မော်တော်ယာဉ်များအား သိမ်းဆည်းရရှိသည့် မှတ်တမ်းဓာတ်ပုံ။





တောင်သာမြို့ သာယာကြီးကျေးရွာတွင် အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်းနှင့် အကြမ်းဖက်ပစ္စည်းများ သိမ်းဆည်းရရှိသည့် မှတ်တမ်းဓာတ်ပုံ။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ယခုကဲ့သို့ ယုံကြည်စွာ သတင်းပေးမှုအပေါ် အရေးယူ ဆောင်ရွက် လာခြင်းကြောင့် ဒေသခံကျေးရွာသူ ကျေးရွာသားများက ဝမ်းမြောက်ကျေးဇူးတင် ကြလျက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ အပြည့်အဝပူးပေါင်းကူညီ ဆောင်ရွက်လျက် ရှိကြောင်းနှင့် တပ်မတော် စစ်ကြောင်းများမှလည်း အကြမ်းဖက်အဖွဲ့အစည်းများ၏ မတရားနှိပ်စက်ညှဉ်းပန်း၍ ဆက်ကြေးကောက်၊ လူသတ်၊ ပြန်ပေးဆွဲလုပ်ရပ်များ ခံစားရသည့် ကျေးရွာများသို့ ကိုယ်တိုင်သတင်း ဖော်ထုတ်၍လည်းကောင်း၊ ယုံကြည်စိတ်ချရသည့် ဒေသခံရွာသူ၊ ရွာသားများထံမှ သတင်းရရှိမှုအပေါ် မူတည်လျက် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်မှုပြဋ္ဌာန်းချက်ပါအတိုင်း ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၆

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို မွန်ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဒေါက်တာ အောင်မြတ်ကျော်စိန်က ဖတ်ကြားပြီး မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်က အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုကလစ်ပြသနေမှုကို ကြည့်ရှုအားပေးကာ ဆုရ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ခင်းကျင်းပြသထားသော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# စမ်းချောင်းမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဗီဒီယိုပြသ**

အခမ်းအနားတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ သဝဏ်လွှာဖတ်ကြားသည့်ဗီဒီယိုနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်အဆင့်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အထက (၂) စမ်းချောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသူ စုစုပေါင်း ၂၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မကွေးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မကွေး စက်တင်ဘာ ၁၆

ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယို၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်အမှုဆောင်ညွှန်ကြားရေးမှူး၏ ဗီဒီယိုနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုများကို ပြသသည်။



ယင်းနောက် အနောက်ပိုင်းလေတပ်စခန်းကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦးက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများအား လည်းကောင်း၊ မကွေးတိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်မိမိမော်က အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ ဆုရရှိသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနား အပြီးတွင် တက်ရောက် လာကြသူများက ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)

# ကဝမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများ ကျင်းပ

ကဝ စက်တင်ဘာ ၁၆

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းမှစတင်၍ ပဲခူးတိုင်းဒေသကြီး ကဝမြို့ အခြေခံပညာအထက်တန်းကျောင်း(ကဝ)ရှိ ဆရာကျော့ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ စာစီစာကုံး(ထက်၊ လယ်ဆင့်) ၃၈ ဦး၊ ကျပန်းစကားပြော (အထက်တန်းဆင့်) ၁၆ ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ (အလယ်တန်းဆင့်) ၁၀ ဦး၊ ပုံပြင်ပြော (မူလတန်းဆင့်) ၁၆ ဦး၊ ကဗျာရွတ် (အလယ်တန်းဆင့်) ၃၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၁၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်တွင် မှော်ဘီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ငွေတင်နှင့် မှော်ဘီ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဝင်းအောင်ဦးစီး၍ အရာရှိ ၁၉ ဦး၊ အခြားအဆင့် ၅၂ ဦး စုစုပေါင်း ၇၁ ဦးတို့က မှော်ဘီမြို့နယ် သီရိမင်္ဂလာတိုက် ကျောင်းဝင်းအတွင်း ဘုရားရင်ပြင်ပေါ်ရှိ တွယ်ကပ်နေသောရေညှိများ၊ သစ်ပင်ချုံနွယ်များ၊ အမှိုက်သရိုက်များနှင့် ပိတ်ဆို့နေသောရေမြောင်းများကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဝင်းဇော်(မှော်ဘီ)

# ကျိုင်းတုံမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



ကျိုင်းတုံ စက်တင်ဘာ ၁၆

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၃)တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာတွင် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့(ကျိုင်းတုံ) ခရိုင်၊ မြို့နယ်နှင့် သီးခြားရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း ၄၆ ဦးတို့ စုပေါင်းသွေးလှူဒါန်းမှုကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအေးသိန်း၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးသည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက သွေးလှူရှင်များအား အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးက သွေးလှူရှင်များအား ကြက်ဥများ ထောက်ပံ့ပေးသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ စက်ရုံများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) သို့ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ပေးပို့မည့် ဆေးရုံသုံးခုတင်များ စနစ်တကျထုပ်ပိုးပြီးစီးမှုနှင့် ဆေးရုံသုံးပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် စတီးလ်ပစ္စည်းအမျိုးမျိုးကို ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းအနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်၍ လက်ရာသေသပ်ကောင်းမွန်ပြီး အရည်အသွေးပြည့်မီအောင် အလေးထားဆောင်ရွက်ရန်၊ ဆေးရုံသုံးပရိဘောဂပစ္စည်းများကို အမှာစာအရ အချိန်မီထုတ်လုပ်ပေးနိုင်ရေးအတွက် အချိန်ဇယားရေးဆွဲဆောင်ရွက်ရန်၊ ထုတ်လုပ်ပြီးစီးသည့် ဆေးရုံသုံးပရိဘောဂပစ္စည်းများ အမြန်ဆုံးပေးပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ သဘာဝဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်၊ လုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးစီမံချက်များကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိအောင် ပြုစုရေးသားထားရန်နှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ် (၃၆)အကြီးစားစက်ရုံ (ကျောက်ဆည်) ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးနှင့် အရာထမ်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အလုပ်ရုံတစ်ခုချင်းရှိ စက်များကိုစစ်ဆေးပြီး ဝန်မဲ့လည်ပတ်ခြင်းဆောင်ရွက်ရန်၊ စက်ရုံ၌ရှိပြီးဖြစ်သော နည်းပညာများ တိမ်ကောပပျောက်မှုမရှိစေရေးအတွက် ဆင့်ပွားသင်တန်းများနှင့် ဆွေးနွေးပွဲများကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် ခေတ်မီမှန်ထုတ်လုပ်သည့် နည်းပညာများရရှိရေးအတွက် စာတွေ့လက်တွေ့လေ့လာသင်ယူကြရန်နှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ တတ်မြောက်ထားသည့် ကျွမ်းကျင်ပညာရပ်များကို အကျိုးရှိစွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်မှာကြားပြီး မှန်အရည်ကျိုမီးဖို၊ ဟိုက်ဒရိုဂျင်ထုတ်လုပ်ရေးဌာနနှင့် နိုက်ထရိုဂျင်ထုတ်လုပ်ရေးဌာနများ အပါအဝင် ကုန်ထုတ်ဌာနများရှိ စက်ပစ္စည်းများစနစ်တကျ ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ စက်ရုံအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# စတုတ္ထအကြိမ်မြောက် စက္ခုအလင်းဒါန အခမဲ့မျက်စိကုသပေးခြင်း ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာန မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့ ပူးပေါင်းဆောင်ရွက်သည့် စတုတ္ထအကြိမ်မြောက် စက္ခုအလင်းဒါန အခမဲ့မျက်စိကုသပေးခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီး၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

"ပထမအကြိမ်နဲ့ ဒုတိယအကြိမ် စက္ခုအလင်းဒါန အခမဲ့မျက်စိကုသပေးခြင်းကို ရွှေပြည်ဟိန်းဆေးရုံမှာ ဆောင်ရွက်ခဲ့ပြီးတော့ တတိယအကြိမ်ကိုတော့ တောင်ဒဂုံမြို့နယ်က ရတနာဆေးခန်းမှာ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခုအကြိမ်ကတော့ ဆရာကြီးဒေါက်တာနန္ဒဝင်းတို့နဲ့ တိုင်ပင်ပြီး မျက်စိအထူးကုဆေးရုံကြီးမှာ ဆောင်ရွက်ပေးတာပါ။ အနယ်နယ်အရပ်ရပ်က လာရောက်ကုသမှုခံယူကြတဲ့ မျက်စိဝေဒနာရှင်တွေကို စားရေး၊ သောက်ရေး၊ သွားလာရေးကအစ ခွဲစိတ်ကုသမှုခံယူပြီးတဲ့အထိ ကျွန်တော်တို့အဖွဲ့က တာဝန်ယူ ဆောင်ရွက်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏကပြောသည်။

ယနေ့ပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် စက္ခုအလင်းဒါန အခမဲ့ မျက်စိကုသပေးခြင်းကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းနှင့်SHINE GROUP မိသားစုများမှစုပေါင်းလှူဒါန်းခြင်းဖြစ်ကာ မျက်စိဝေဒနာရှင် ၅၇၉ ဦးအား အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ အခမဲ့ ခွဲစိတ် ကုသစစ်ဆေးပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# တောင်ငူမြို့နယ် ရေဘေးရှောင်စခန်းများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

တောင်ငူ စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရေဘေးရှောင်စခန်းများရှိ ပြည်သူများအား ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်များဖြင့် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**ကြည့်ရှုစောင့်ရှောက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် တောင်ငူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းဝင်းခိုင် ဦးဆောင်၍ အထူးကု ဆရာဝန်များဖြင့် အထက(၂) ရေဘေးရှောင်စခန်းနှင့် တောင်ငူတက္ကသိုလ်ရေဘေးရှောင်စခန်းရှိ ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးကြည့်ရှုစောင့်ရှောက်ပေးသည်။

တောင်ငူမြို့နယ်၌ ရေဘေးရှောင်စခန်း ၅၁ ခု၊ အိမ်ထောင်စု ၈၉၃၁ စု၊ လူဦးရေ ၃၆၈၄၁ ဦး၊ ရေတာရှည်မြို့နယ်၌ ရေဘေးရှောင်စခန်း ၁၈ ခု၊ အိမ်ထောင်စု ၄၂၉၆ စု၊ လူဦးရေ ၁၆၈၁၂ ဦး၊ ထန်းတပင်မြို့နယ်၌ ရေဘေးရှောင်စခန်း ၈ ခု၊ အိမ်ထောင်စု ၉၆၂ စု၊ လူဦးရေ ၃၃၅၅ ဦး၊ အုတ်တွင်းမြို့နယ်၌ ရေဘေးရှောင်စခန်း ၁၀ ခု၊ အိမ်ထောင်စု ၅၁၁၃ စု၊ လူဦးရေ ၂၀၇၆၄ ဦး၊ စုစုပေါင်း တောင်ငူခရိုင်အတွင်း စာရင်းချုပ် ရေဘေးရှောင်စခန်း ၈၇ ခုရှိပြီး အိမ်ထောင်စု ၁၉၃၀၂ တို့မှ ရေဘေးရှောင်ပြည်သူ လူဦးရေ ၇၇၇၇၂ ဦးအား တောင်ငူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံကွပ်ကဲမှုအဖွဲ့မှ ဦးဆောင်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားလျက်ရှိသည်။

ရေဘေးသင့် ပြည်သူများအတွက် လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၅၀၃၂၆၄၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်းနှင့် တောင်ငူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသည့် ခရိုင်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကွပ်ကဲမှုရုံး၌ လာရောက်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ဒိုက်ဦးမြို့၌ ရေကြီးရေလျှံမှုကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ဒိုက်ဦး စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ညောင်လေးပင်ခရိုင်အတွင်း ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ညောင်လေးပင်ခရိုင်တပ်နယ်မှူးတို့က ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့တွင် ရေဘေးကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့် ပရဟိတအဖွဲ့များက သီးခြားလိုအပ်ချက်များ အကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင် ဦးတင်ထွန်းမြင့်၏ ဒေသကြက်ကိုယ်တိုင်မွေးမြူသားဖောက်လုပ်ငန်းအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၌ YSR-1 အထွက်ကောင်းစပါးမျိုး မျိုးစေ့ထုတ်စိုက်ခင်းအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ပေါက်တပင်မျိုးသန့်ခြံ၌ တောင်သူသရုပ်ပြ ကြိုတင်ပျိုးထောင်စနစ်ဖြင့် မိုးစပါး နှစ်သီးစိုက်ပျိုးနိုင်ရေး သရုပ်ပြပွဲသို့ တက်ရောက်အားပေးခဲ့ပြီး ဒေသခံတောင်သူများအပြင် အခြားမြို့နယ်များတွင် သီးထပ်စွမ်းအား တိုးတက်ခြင်းနှင့်အတူ တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တောင်သူအသိပညာပေး သရုပ်ပြစိုက်ပျိုးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြဝတီခရိုင်၌ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ

**မြဝတီ စက်တင်ဘာ ၁၆**

၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီအဆင့်ဆင့်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် Green Star ဟိုတယ်၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် မြဝတီမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးတင်အောင်ဝင်းက သန်းခေါင်စာရင်းဆိုင်ရာ သဘောတရားများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် အထူးနည်းပြသင်တန်း တက်ရောက်ခဲ့သည့် နည်းပြသုံးဦးတို့အား ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကျော်ကျော်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးတင်အောင်ဝင်းတို့က သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းကို မြို့နယ်ပညာရေးမှူးရုံး ခန်းမ၌ ဖွင့်လှစ်သင်ကြားပေးရာ မြဝတီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ပို့ချပေးမည့် နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၏သင်တန်းပို့ချ တက်ရောက်နေမှုကို ကြည့်ရှုအားပေးစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀၀ ကျော်တို့အား စက်တင်ဘာ ၁၆ ရက်မှ ၂၆ ရက်အထိ ၁၀ ရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



# မြောင်းမြမြို့၌ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာအစည်းအဝေး ကျင်းပ

**မြောင်းမြ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ မြောင်းမြခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစန်းငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးထွန်းငြိမ်းနှင့် ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးမန်းသိန်းကျော်တို့က သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြောင်းမြခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစန်းငွေက ရပ်/ကျေး စာရေးဝန်ထမ်းများအား သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် ဆက်စပ်ပစ္စည်းများ ပေးအပ်ခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်က ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့အား အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# မင်းလှမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မင်းလှ စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က မြို့မဈေးရှေ့နှင့် သရက်တပင်တာဆုံတို့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့မဈေး အတွင်း/အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ၊ လမ်းသွားလမ်းလာ ပြည်သူများနှင့် မြို့အဝင် သရက်တပင်တာဆုံတွင် ဝင်ထွက်သွားလာကြသည့် ခရီးသွားပြည်သူများ၏ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ဆိုင်ရာ စတစ်ကာများကပ်နှံပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# သဃ်န်းကျွန်းခရိုင်၌ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ ခရိုင်အဆင့်နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**သဃ်န်းကျွန်း စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် သဃ်န်းကျွန်းခရိုင် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲကို ခရိုင်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးထူးလွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းအောင်**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည် ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ၂၁ ရာစု မဟာဗျူဟာ အယူအဆများ | ရန်နိုင် | ဒေါ်လွင်သောင်းဝေ မြရတနာစာပေ |
| ၂။ | ကိုယ်ပိုင်ဘဝ၊ ကိုယ်တိုင်တည်ဆောက်ခြင်း | နေမီကျော် | ဦးဝင်းသူရလွင် အိပ်မက်အသစ်စာပေ |
| ၃။ | စာရိတ္တကောင်းမွန်သော လူငယ်များ ပြုစုပျိုးထောင်နည်း | ပရော်ဖက်ဆာ ဒေါက်တာထွန်းအောင် | ဒေါ်စန်းစန်းဝေ အမြွာညီနောင်စာပေ |
| ၄။ | အာဆီယံဘာသာစကားနှင့် စာအရေးအသား စနစ်မိတ်ဆက် | ပါမောက္ခစောထွန်း၊ ဒေါက်တာအောင်မြင့်ဦး | ဒေါ်ခင်ဆွေဦး ပညာရပ်ဝန်းစာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ Insulation Oil for Power Transformer များ ဝယ်ယူရန် တင်ဒါအမှတ်၊ 49(T)/DPTSC(PSD)/2024-2025 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃၀-၉-၂၀၂၄) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

---

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင် ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများ အရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

---

## အမှားပြင်ဆင်ချက်

(၂၂-၆-၂၀၂၄) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၀)၊ ကော်လံ (၁)ပါ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂ ဂို ၁၊ မြေကွက်အမှတ် - ၄၃၈ ဗွီ-၂/အက်ဖ်-၁၊ ဧရိယာ (၀.၃၁၆) ဧကရှိ ဒေါ်ဝင်းမေ (အေစီ - ၀၆၃၁၈၂) နှင့် ဦးလှမောင် (စီ/အာရ်ဂျီအင်န် - ၀၀၀၄၃၁)တို့ (၂) ဦးအမည်ပေါက် ဂရန်ရှိ မြေပိုင်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် **"ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက် ထား လာ ရာ"** ကြော်ငြာအစား **"ပိုင်ဆိုင်+စွန့်လွှတ် မြေပုံကူးလျှောက်ထားလာရာ"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သွေးသည် အသက်

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ပစ္စည်းစီမံရေးဌာန(ရန်ကုန်ဌာနခွဲ)၊ စီမံကိန်းမန်နေဂျာရုံး(၂) မြောက်ပိုင်း၊ မိတ္ထီလာနှင့် တံခွန်တိုင် ပင်မဓာတ်အားခွဲရုံတို့ရှိ စီမံကိန်းလက်ကျန်ပစ္စည်းများ၊ ပစ္စည်းအဟောင်းများ၊ ပေပါခွံများ၊ ဘက်ထရီနှင့်တာယာအဟောင်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံပုံစံများကို အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) လေလံပုံစံ ရောင်းချမည့်ရက် | - | ၁၇ - ၉ - ၂၀၂၄ ရက်မှ ၃၀ - ၉ - ၂၀၂၄ ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) လေလံပုံစံ ရောင်းချမည့်နေရာ | - | ရုံးအမှတ် (၂၇)၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန |
| (ဂ) လေလံပိတ်မည့်ရက်/အချိန် | - | ၃၀ - ၉ - ၂၀၂၄ ရက် ( ၁၀ : ၀၀ )နာရီ |
| (ဃ) လေလံဖွင့်မည့်ရက်/အချိန် | - | ၃၀ - ၉ - ၂၀၂၄ ရက် ( ၁၂ : ၀၀ )နာရီ |

၂။ လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးတင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ပြည်ထောင်စုလမ်းမကြီး၊မြေကွက်အမှတ်(၆၈၃)၊အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိဦးထွန်းအောင်(CC-၀၄၃၈၁၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဒေါ်အိအိရွှေစင်(၁၂/တမန(နိုင်)၀၅၃၃၈၉)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သိမ့်သိမ့်ယမင်း LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၀၈၉၄)
Ph-09254332312,
တိုက်(၁၅)၊အခန်း(၁)၊ဖဆပလရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂)၊မြေကွက်အမှတ်(၄၂၃/က)၊(၁၂၀၀)စ/ပေ၊မြေကွက်တည်နေရာအမှတ်(၄၂၃/က)၊သုမာလာ(၇)လမ်း၊(၂)ရပ်ကွက်၊ဦးတင်မောင်(N/OKA-၀၀၀၈၃၈)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်ဦးတင်မောင်(ခင်ပွန်း)သည်(၅-၁-၂၀၂၂)ရက်နေ့တွင်ကွယ်လွန်ခဲ့သဖြင့်၎င်း၏ဇနီးဖြစ်သူဒေါ်တင်ရွှေ(၁၂/ဥကမ(နိုင်)၀၇၆၃၃၆)မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၆/၉၂၁/၂၀၂၄/၂၀-၆-၂၀၂၄၊ထောက်ခံကျမ်းကျိန်(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်၊ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## "ဒေါ်ကျင်သောင်း (ဘ) ဦးထွန်းရီ [၁၂/ဗတထ (နိုင်)၀၁၅၁၆၆] နှင့် အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ (၅၄) လမ်း (အောက်)၊ အမှတ် (၃၁) မြေညီထပ်နေ ဒေါ်ညွန့်ကြည် [၁၂/ဗတထ (နိုင်)၀၁၅၁၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး (တောင်)၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မြေကွက်အမှတ်-(၂၅၀/က) (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး (တောင်)၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၂၅၀/က) ဟု ခေါ်တွင်သော (၂) ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည် တစ်ဦးတည်းက အမည်ပေါက်ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည်နှင့်အတူ ၎င်း၏မောင်နှမများဖြစ်သော ဒေါ်ညွန့်ဝင်း [၁၂/ဗတထ(နိုင်)၀၁၅၁၆၂] နှင့် ဦးဟုတ်ရှိန် [၁၂/ဗတထ(နိုင်)၀၁၅၉၃၈]တို့ (၃) ဦးသည် **(၁၉-၁-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ "ဒေါ်ကျင်သောင်း (ဘ) ဦးထွန်းရီ [၁၂/ဗတထ (နိုင်) ၀၁၅၁၆၆] နှင့် အများသိစေရန် ကြေညာခြင်း" ခေါင်းစဉ်ဖြင့်** ဒေါ်ညွန့်ကြည်၊ ဒေါ်ညွန့်ဝင်းတို့က ဒေါ်ကျင်သောင်းတို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာများ ဦးဟုတ်ရှိန်မှ ဒေါ်ကျင်သောင်းတို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်- ၁၄၆၉၀/၂၀၁၁ တို့ကို ရုပ်သိမ်းကြောင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည်နှင့်အတူ ၎င်း၏ မောင်နှမများဖြစ်သော ဒေါ်ညွန့်ရီ [၁၂/ဗတထ(နိုင်) ၀၂၀၅၈၆]၊ ဒေါ်ညွန့်ဝင်း၊ ဦးဟုတ်ရှိန်တို့ (၄) ဦးသည် (၂၃-၂-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ထပ်မံ၍ **"ဒေါ်ကျင်သောင်း (ဘ) ဦးထွန်းရီ [၁၂/ဗတထ (နိုင်)၀၁၅၁၆၆] နှင့် အများသိစေရန် ကြေညာခြင်း"** ခေါင်းစဉ်ဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ညွန့်ရီ၊ ဒေါ်ညွန့်ကြည်၊ ဒေါ်ညွန့်ဝင်း၊ ဦးဟုတ်ရှိန်တို့ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ကျွန်ုပ်၏ မိတ်ဆွေများ သိရှိသဘောတူ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံဖြင့်တင်သွင်းခြင်းတို့ မပြုလုပ်ရန် တားမြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည်ပိုင်သော အထက်ပါမြေနှင့်အိမ်မှာ ဒေါ်ကျင်သောင်းနှင့် မည်သို့မျှ ပိုင်ဆိုင်ခြင်းလုံးဝမရှိကြောင်း သတိပေးတားမြစ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည်သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သော အထက်ပါ မြေနှင့်အိမ်၏ မြေဂရန် မူရင်းနှင့် မှတ်ပုံတင်မူရင်းတို့ကို ညီမဝမ်းကွဲဖြစ်သူ ဒေါ်ကျင်သောင်း (ဘ) ဦးထွန်းရီ [၁၂/ဗတထ(နိုင်)၀၁၅၁၆၆] ကိုင်ဆောင်သူထံ၌ ကျွန်ုပ်မိတ်ဆွေ ဒေါ်ညွန့်ကြည်က ယုံကြည်စွာအပ်နှံခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်ကျင်သောင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည်၏ ယုံကြည်အပ်နှံခဲ့ခြင်းနှင့် ခရီးလွန်ခြင်းအပေါ် အခွင့်ကောင်းယူ၍ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော မြေနှင့်အိမ်၏ အထက်ပါ မြေဂရန်မူရင်းနှင့် မှတ်ပုံတင်မူရင်းတို့ကို ပြန်မပေးဘဲ ဒေါ်ကျင်သောင်းမှ မရိုးမဖြောင့်သော စိတ်ဖြင့် လိမ်လည်ရယူထားပြီး ကျွန်ုပ်မိတ်ဆွေ ဒေါ်ညွန့်ကြည်၏ မှတ်ပုံတင်မူရင်းကိုင်ဆောင်၍ ဒေါ်ညွန့်ကြည်၏ လက်မှတ်အတုရေးထိုးကာ အထက်ပါ မြေနှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည်၏ သိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ အခြားသူသို့ လွှဲပြောင်းရောင်းချထားခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရောင်းမြေပုံရာဇဝင် ကူးယူထုတ်ယူသွားခြင်းတို့ကို စုံစမ်းသိရှိရပါသည်။ ထို့ပြင် ဒေါ်ညွန့်ကြည်၏ လက်မှတ်အတု၊ လက်ဗွေအတုဖြင့် အထက်ပါမြေနှင့်အိမ်ကိုလည်း ငှားရမ်းထားကြောင်း စုံစမ်းသိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ညွန့်ကြည်၏ မှတ်ပုံတင်မူရင်းနှင့် အထက်ပါ မြေနှင့်အိမ်၏ ဂရန်မူရင်းတို့ကို ဒေါ်ကျင်သောင်းမှ ရယူထားပြီး ကျွန်ုပ်မိတ်ဆွေ ဒေါ်ညွန့်ကြည်ထံသို့ ယခုအချိန်အထိ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ တိမ်းရှောင်လျက်ရှိနေပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည်နှင့် ၎င်း၏ ဆွေမျိုးမိတ်ဆွေများမှ ဒေါ်ကျင်သောင်းအား အကြိမ်ကြိမ် ဆက်သွယ်၍ ပြန်လည်တောင်းဆိုနေခြင်းအပေါ် ဒေါ်ကျင်သောင်းမှ တွေ့ဆုံခြင်းမရှိဘဲ တိမ်းရှောင်လျက်ရှိနေသည့်အတွက် အထက်ပါမြေနှင့် အိမ်ကို ဒေါ်ကျင်သောင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ကြည်၏ သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူမဆို အရောင်းအဝယ်မပြုလုပ်ပါရန်နှင့် အရောင်းအဝယ်ပြုလုပ်ထားပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိန် (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၀၀)**
**ရုံးခန်း ။ ။အမှတ် (၈၃)၊အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ - ၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

---



## ရန်ကုန်ပညာရေးတက္ကသိုလ် မဟာပညာရေးဘွဲ့(MEd)သင်တန်းဖွင့်လှစ်မည့်အစီအစဉ် ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့(MEd) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် သင်တန်းသားဦးရေ ကန့်သတ်ဖွင့်လှစ် သင်ကြားမည်ဖြစ်ပါသည်-

(က) ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု
(ခ) ပညာရေးစိတ်ပညာ
(ဂ) သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း
(ဃ) ကာယပညာနှင့်ကျောင်းကျန်းမာရေး

**အရည်အချင်းသတ်မှတ်ချက်-**

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ပညာရေးဘွဲ့ရရှိ၍မဟာပညာရေးဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဂ) ကာယပညာနှင့်ကျောင်းကျန်းမာရေးဘာသာရပ် လျှောက်ထားသူများသည် ကာယပညာနှင့်ကျောင်းကျန်းမာရေး အထူးပြုဖြင့် ပညာရေးဘွဲ့ရရှိပြီး ပညာရေးတက္ကသိုလ်များတွင် ကာယပညာနှင့် ကျောင်းကျန်းမာရေးဌာန၌ နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူ (သို့မဟုတ်) ကာယပညာနှင့်ကျောင်းကျန်းမာရေးအထူးပြုဖြင့် ပညာရေးဘွဲ့ ရရှိပြီး မဟာပညာရေးဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဃ) ပညာရေးဝန်ကြီးဌာနတွင် ဆရာ၊ ဆရာမ(သို့မဟုတ်)ဆရာ၊ ဆရာမ မဟုတ်သော်လည်း သင်ကြားရေးနှင့် သုတေသနဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေသူများဖြစ်၍ (၂-၁၂-၂၀၂၄)ရက်နေ့တွင် တစ်ဆက်တည်း လုပ်သက် အနည်းဆုံး (၂)နှစ်ရှိပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။
(င) ရေးဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုအောင်မြင်ပါက လူတွေ့နှုတ်ဖြေ စစ်ဆေးဖြေဆိုရမည်။
(စ) ပညာရေးတက္ကသိုလ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသသန (ပညာရေး)ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းအဖြစ် လက်ရှိတာဝန်ထမ်းဆောင် နေသူဖြစ်ပါက ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုဘဲ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။
(ဆ) ပညာရေးတက္ကသိုလ်မှ ဖွင့်လှစ်သော မဟာပညာရေးဘွဲ့(အရည်အချင်းစစ်) သင်တန်းပြီးမြောက်အောင်မြင်သူဖြစ်ပါက ဝင်ခွင့် စာမေးပွဲဖြေဆိုရန်မလိုဘဲ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

**လျှောက်လွှာပိတ်မည့်ရက်** - (၂၇-၉-၂၀၂၄)ရက်(သောကြာနေ့)

**ဝင်ခွင့်စာမေးပွဲကျင်းပမည့်ရက်** - (၃၀-၁၀-၂၀၂၄)ရက် နံနက် ၉:၀၀ နာရီမှ ၁၂:၀၀နာရီ (သက်ဆိုင်ရာအထူးပြု ပညာရေးဘာသာရပ်)(၁-၁၁-၂၀၂၄)ရက် **နံနက် ၉:၀၀နာရီမှ ၁၂:၀၀ နာရီ (အင်္ဂလိပ်စာ ဘာသာရပ်)**

**လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့်ရက်** - **(၁၁-၁၁-၂၀၂၄)တနင်္လာနေ့**

**လျှောက်လွှာလက်ခံမည့်နေရာ** - ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန

**သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - (၂-၁၂-၂၀၂၄)ရက် (တနင်္လာနေ့)

**စုံစမ်းရန်** - သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ (ဌာနမှူး) များထံတွင်လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် သင်တန်းရေးရာ ဌာနတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အ.ထ.က၊ ခနောင်ကျောင်း၊ G-12 မှ မောင်ရန်ပိုင်ထက်၏ ဖခင် အမည်မှန်မှာ ဦးကျော်ကျော်ဦး [၁၂/ကတန(နိုင်)၁၅၇၄၃၁] ဖြစ်ပါသည်။

**ဦးကျော်ကျော်ဦး**
**[၁၂/ကတန(နိုင်)၁၅၇၄၃၁]**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အ.ထ.က၊ ခနောင်ကျောင်း G-12 မှ မအိကေခိုင်၏ ဖခင် အမည်မှန်မှာ ဦးညိမ်းလွင် [၁၂/ကတန(နိုင်) ၀၄၃၃၉၅] ဖြစ်ပါသည်။

**ဦးညိမ်းလွင်**
**[၁၂/ကတန(နိုင်)၀၄၃၃၉၅]**

## မိဘအမည်မှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း(Grade-2)တွင် ပညာသင်ကြားနေသော မနီနီအိမ့်ခြူးစံ (၂၄-၁၂-၂၀၁၆)ရက်တွင် မွေးဖွားခဲ့သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်သက်ထွေး [၁၂/သကတ(နိုင်)၁၄၀၈၄၇] နှင့် မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းမြင့်[၁၂/သကတ(နိုင်) ၁၀၆၄၄၄]တို့ဖြစ်ပါကြောင်း။

## ဥတုရာသီ တောကိုမှီ၏

## အမည်ပြောင်း

သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁)၊ သုမင်္ဂလာလမ်းရှိ BRAINWORKS International School Primary 4 အတန်းမှ (ဘ) ဦးအောင်ချမ်းအေး + ဒေါ်အိရတနာမြင့်တို့၏သား မောင်ဟိန်းထက်စံအား မောင်ဟိန်းမြတ်ဘုန်းထက်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်

**မောင်ဟိန်းမြတ်ဘုန်းထက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၅၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဖီးနပ်(စ်)၊ PAN-၂၀၁၃၇၀ ထံမှ စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်မာလာခင် [၁၂/မဂတ(နိုင်)၀၄၁၇၂၈]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၂)လမ်း၊ မြေကွက်အမှတ်(၂၃၄)၊ အကျယ်အဝန်း (၂၅ ပေx ၅၀ ပေ)ရှိ ဒေါ်ကျင်စိန် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၃)ထပ်တိုက်၏(ခြေရင်းခြမ်း)တစ်မိုးအောက် ပထမထပ်၊ အကျယ်အဝန်း (၁၂x၅၀)ပေရှိ ရေမီးအစုံအလင်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ရာမှ မြေပိုင်ရှင် ဒေါ်ကျင်စိန် အကျိုးခံစားခွင့်ရှိသည့် တိုက်ခန်းများအနက်မှ အထက်ဖော်ပြပါ တိုက်ခန်း နှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးတို့ကို မူလပိုင်ရှင် ဒေါ်ကျင်စိန်ထံမှတစ်ဆင့်(၂၆-၆-၂၀၀၇)ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိထားတရားဝင်ဝယ်ယူပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်မြင့်မြင့်ခိုင်(ဘ)ဦးမြအေး[၁၂/မရက(နိုင်)၁၂၅၂၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့တိုင် ကန့်ကွက်သူမရှိပါက ကျန်ရောင်းဖိုးငွေများပေးချေလျက် အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင် (LL.B., D.B.L.)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၄၇)**
**အမှတ်(၂၂၂/ခ)၊ အောင်သုခလမ်း၊ (တ/၁၅)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၅၂၄၉၄၃**

## ကိုလွင်ဖြိုးအောင် (ခ) မုဟမ္မဒ်အာလာမ်နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ၁၀-ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၂၂၁/ခ)နေ မနှင်းနှင်းအောင် (ခ) အာစီယဟ်ဘီ [၁၂/လယန(နိုင်) ၀၀၂၁၇၆]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ၁၁-ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၅၁၈)နေ ဦးဇာကီးရ်ဟူဆောင်း၏ သားဖြစ်သူ ကိုလွင်ဖြိုးအောင် (ခ) မုဟမ္မဒ်အာလာမ်တို့သည် (၂၃-၁၂-၂၀၁၈) ရက်နေ့တွင် အစ္စလာမ့် တရားတော်နှင့်အညီ နိကာဟ်ပြုထိမ်းမြားခဲ့ပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိခဲ့ပါ။ အိမ်ထောင်သက်တမ်းအတွင်း ခင်ပွန်းဖြစ်သူသည် တာဝန်ယူမှု/တာဝန်ခံမှုမရှိခဲ့ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ယခင်က အိမ်ထောင်ကျခဲ့ခြင်းကို ဖုံးကွယ်ထားလျက် ဇနီးအား ရည်ရွယ်ချက်ရှိရှိ လိမ်လည်ပေါင်းသင်းခဲ့ခြင်းကို နောက်မှသာသိရှိခဲ့ရခြင်း၊ ထို့နောက် ခင်ပွန်းဖြစ်သူသည် (၂၀၁၉) ခုနှစ်၊ (၇)လပိုင်းခန့်တွင် ဇနီးအား နေအိမ်ပေါ်မှနှင်ချခဲ့ပြီး ဇနီးအား မည်သည့်အထောက်အပံ့၊ အဆက်အသွယ်၊ အဆက်အဆံမရှိသည်မှာ (၅)နှစ်ကျော်ခန့်ရှိပြီဖြစ်ခြင်းတို့ကြောင့် ဇနီးဖြစ်သူမှ အိမ်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းထံ လျှောက်ထားခဲ့ရာ အဆိုပါအဖွဲ့အစည်းမှ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တရားတော်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ချက်များကို နှစ်ဦးနှစ်ဖက်မှ လက်ခံသဘောတူ ပြီး လက်ဗွေနှိပ် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့နောက် ဓမ္မသတ်ဌာနထံမှ အစ္စလာမ့်တရားဥပဒေ ဖသဝါဓမ္မသတ်ဆုံးဖြတ်ချက်ရယူခဲ့ပြီး (၁၅-၉-၂၀၂၄)ရက်နေ့တွင် (သွလာကေ ဗာအင်န်)တစ်ကြိမ် တရားတော်နှင့်အညီ အတည်ပြုခံယူခဲ့ပြီးဖြစ်ရာ ခင်ပွန်းအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပြီးကြောင်း မြွက်ဟကြေညာပြီးသည်ဖြစ်၍ မနှင်းနှင်းအောင် (ခ) အာစီယဟ်ဘီနှင့် ကိုလွင်ဖြိုးအောင် (ခ) မုဟမ္မဒ်အာလာမ်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **မနှင်းနှင်းအောင် (ခ) အာစီယဟ်ဘီ** | **ဦးမြတ်သန်းဦး [B.A(Eco:)H.G.P,D-A(1)]** |
| **အမှတ်(၂၂၁/ခ)၊ နှင်းဆီလမ်း၊** | **အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)** |
| **(၁၀)ရပ်ကွက်၊ လှိုင်သာယာ** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| **(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** | **ရန်ကုန်မြို့။ ၀၉-၇၈၃၅၄၂၉၀၀** |

## စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၅၉) ရှိ (၂) ခန်းတွဲ (၆)ထပ်တိုက်၏ (၃-လွှာ)၊ (ခြေရင်းခန်း-ဘယ်)၊ အကျယ်အဝန်း (၁၂½ ပေ x ၅၀ ပေ) ခန့်ရှိ ရေမီးစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှု စာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်နန်းမွေခမ်း [၁၃/မဆန(နိုင်)၀၁၅၁၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ (၄+၅+၆)ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099, 09-987869667, 09-799933939**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၇၄၅)ဟုခေါ်တွင်သည့် တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ် (၇၄၅)၊ (၂)ခန်းတွဲ(၈½) ထပ်တိုက်မှ ဆဋ္ဌမထပ်၊ (၇)လွှာ၊ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၉ x ၅၄)ပေရှိ (ခတ်လှေကားပါ) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း နှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးကျော်ကျော် [၁၂/အစန(နိုင်)၁၆၆၉၈၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ကြွယ်ကြွယ်သိန်း [၁၂/လမတ(နိုင်) ၀၁၂၈၈၆]နှင့် ဒေါ်က္ကန္ဒြာအောင်[၁၂/မရက (နိုင်) ၁၄၆၁၇၁] တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး ( LL.B, D.B.L, D.M.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၃)**
**အမှတ် - ၆၂ (ပထမထပ်)၊ အခန်းအမှတ် - ၉၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅ ၊ ၀၉-၆၇၂၄၄၄၆၅၆**

## ပတ်စ်ပို့ပျောက်ဆုံး

(ဘ) ဦးတင့်လွင်၏ သမီး မသဲသိမ့်သိမ့်လွင် [၁၂/သကတ(နိုင်)၁၇၅၉၈၅]၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-150417) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-750104306**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်စိန်၏ သားကျွန်တော် ဦးဇော်မိုးအောင်[၁၄/မအပ(နိုင်) ၁၇၁၉၇၀] ၏ ပတ်စ်ပို့နံပါတ် (MG-276768)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၀၇၁၀၁၃**

## မွေးသက္ကရာဇ်အမှန်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် (၁၆၈) ရပ်ကွက်၊ အ.ထ.က(၃) **(G-12)** မှ မိခင်ဒေါ်သန်းသန်းမြင့် [ ၆/ခမက (နိုင်) ၀၁၂၄၄၁ ] ကိုင်ဆောင်သူ၏ သားဖြစ်သူ မောင်အောင်မိုးထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၅-၂၀၀၅ ခုနှစ် ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းမြင့်**
**[၆/ခမက(နိုင်)၀၁၂၄၄၁]**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အထက(၂) Grade -12 မှ မရတီမိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်သိန်း [၉/သစန(နိုင်)၁၂၆၈၄၉] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အထက(ခွဲ) ကြာဘတ်ကုန်း Grade-12 တွင် ပညာသင်ကြားနေသော မပန်းသဇင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းတန် [၉/သစန(နိုင်) ၂၅၃၃၆၇]ဖြစ်ပါကြောင်း။

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၄၆)ဧက၊ မြေကွက်အမှတ်(ဥ-၆၄၅၉)၊ ဦးမိုးမင်းအောင် (ဘ)ဦးအောင်ဇင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ကေခိုင်ဦး[၁၄/မမန(နိုင်)၃၄၃၀၀၆] (ဘ) ဦးလှဦးမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၅၂၅/၂၀၂၂ (၁၀-၈-၂၀၂၂)တင်ပြ၍ ဒေါ်စန္ဒာစုဝင်း [၁၂/ဥကတ(နိုင်)၀၅၀၀၄၅] (ဘ) ဦးအောင်ကြည် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည်-(၄၃/တန်ဘိုးကွင်း)၊ ဦးပိုင်အမှတ်-(ဂ)၃၅၃၊ (ဂ)၃၆၀၊ (ဂ)၃၆၁၊ (ဂ)၃၆၂၊ (ဂ)၃၆၃၊ မြေဧရိယာ(၀.၂၇၅)ဧကရှိ မြေသည် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် **Serial No. 446(2)/V/1998(Thayet)** အရ ဦးနေမင်းထွန်း အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသောမြေဖြစ်ပြီး ဦးစိုးနိုင်+ဒေါ်ခင်ဝေမြတ်တို့ (၂)ဦးမှ အောင်လံမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-(၂၀၄/၂၀၁၂)ဖြင့် **“အဆုံးအပိုင်ရောင်းချဝယ်ယူသည့်စာချုပ်”** ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ဦးစိုးနိုင်မှ (၁၅-၇-၂၀၂၂) ရက်နေ့တွင် အောင်လံမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ (၃၇/၂၀၂၀) ဖြင့် **“အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်”** ချုပ်ဆို၍ ဒေါ်ခင်ဝေမြတ်အား အိမ်နှင့်မြေကွက်များကို စွန့်လွှတ်ပေးအပ်ခဲ့ရာ ဒေါ်ခင်ဝေမြတ်မှ ၎င်းအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ချထားပေးနိုင်ပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်တွင်နေထိုင်သူများဖြစ်ကြသော ဒေါ်ခင်သီ [၁၀/မလမ(နိုင်)၁၁၀၂၅၅]၊ ဒေါ်စန်းဝေ [၁၀/မလမ(နိုင်)၁၀၉၈၄၂]၊ ဒေါ်မိချိုချို[၁၀/မလမ(နိုင်)၁၁၀၃၄၅]၊ ဦးစိုးညွန့်[၁၀/မလမ(နိုင်)၁၁၀၀၀၈]တို့မှ အောက်ပါအတိုင်းအများသိစေရန် ကြေညာပါသည်။ ဒေါ်သန္တာဝင်း(ခ)ဇဘေဒါဘီသည် ကျွန်တော်/ကျွန်မတို့၏ ညီမောင်ဖြစ်သူ ဦးစိုးနိုင်၏ ဇနီးဖြစ်ပြီး ဦးစိုးနိုင်သည် ၁၃-၅-၂၀၂၃ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ကျွန်တော်/ကျွန်မတို့၏ မိဘများက မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပေါ်တွင် “မိသားစုစီမံမှုစာချုပ်”ဖြင့် ဆက်ခံခွင့်ရှိကြပြီး(၁၆-၅-၂၀၂၃) ရက်နေ့တွင် ဦးစိုးနိုင်၏ဇနီး ဒေါ်သန္တာဝင်း (ခ) ဇဘေဒါဘီနှင့် ကျွန်တော်/ကျွန်မတို့မှ ကတိဝန်ခံချက် ချုပ်ဆိုခြင်းကို ချုပ်ဆိုခဲ့ကြပါသည်။ ထိုစာချုပ်ပါ စည်းကမ်းချက်များကို ဒေါ်သန္တာဝင်း (ခ) ဇဘေဒါဘီက ဖောက်ဖျက်လိုက်သည့်အတွက် ညီမောင်ဖြစ်သူနှင့် သက်ဆိုင်သော မရွှေ့မပြောင်းနိုင်သော မည်သည့်ပစ္စည်းနှင့်မျှ ဒေါ်သန္တာဝင်း (ခ) ဇဘေဒါဘီနှင့်သက်ဆိုင်ခြင်း/ပိုင်ဆိုင်အရေးဆိုခွင့်မရှိတော့သည်ကို ဒေါ်သန္တာဝင်း (ခ) ဇဘေဒါဘီ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီ [၁၀/မလမ(နိုင်)၁၁၀၂၅၅]၊ ဒေါ်စန်းဝေ [၁၀/မလမ(နိုင်)၁၀၉၈၄၂]၊**
**ဒေါ်မိချိုချို [၁၀/မလမ(နိုင်)၁၁၀၃၄၅]၊ ဦးစိုးညွန့် [၁၀/ မလမ(နိုင်)၁၁၀၀၀၈]**
**ဖုန်း-၀၉-၈၈၆၄၅၂၇၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ပဒေသရာဇာလမ်း၊ မြေကွက်အမှတ် (၃၂၅)၊ မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ ဧရိယာ(၀.၀၅၅) ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်နှင်းအိမွန် [၁၂/ခရန(နိုင်)၁၀၇၈၃၉]** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ကေဇင်လင်း [၈/စလန(နိုင်) ၀၀၁၃၃၃]သည် “နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ”** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
|---|---|---|
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၁)လမ်းပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၃၇)၊ အခန်း(4B)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်(၄လွှာ)၊ (တိုက်အားမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း(၁၂ ½ ပေx၅၀ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ထားသည်ဟုဆိုသူ **ဒေါ်လျှန်ချူးငီး [၅/ကလထ(နိုင်)၁၀၇၉၀၇]**က ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဖွင့်ဟဝန်ခံ၍အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ခင်စောဌေး [၁၂/လမန(နိုင်)၀၂၀၂၁၆]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ နေထိုင်သုံးစွဲ ပိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မင်းသူ့နှီးဖြိုး(စဉ်–၁၂၈၄၆)**
**[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.I.P.L,DL–101WIPO (Switzerland)]**

**ဒေါ်စုစုမွန်(စဉ်–၁၃၄၉၆)**
**[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.B.L,D.I.L,D.I.P.L, DL–101WIPO(Switzerland)]**

**ဖုန်း–၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**
**အမှတ် – ၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ်(၁၁၃)၊ ဝဏ္ဏကျော်စွာ(၂)လမ်း၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးခင်ဝင်း [၁၂/ဒဂန(နိုင်)၀၀၄၆၄၃] အမည်ပေါက် ပါမစ်မြေကွက်ကို သားသမီးများဖြစ်ကြသော ဒေါ်ချိုချိုခိုင် [၁၂/ဒဂန (နိုင်) ၀၀၄၆၀၉] အပါ(၅)ဦးမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုဝန်ခံလာသဖြင့် ကျွန်ုပ်ဒေါ်လှလှပြုံး[၁၂/လမတ(နိုင်)၀၃၄၇၉၆]က အဆိုပါမြေကွက်ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှပြုံး**
**[၁၂/လမတ (နိုင်) ၀၃၄၇၉၆]**
**အမှတ်(၃+၄)၊ ကနောင်(၁၂)လမ်း၊ ရွှေပေါက်ကံ။**
**ဖုန်း–၀၉–၄၃၁၇၀၅၇၃၊ ၀၉–၉၇၃၁၀၂၀၇၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၃၂/ဘီ၊ မြေကွက်အမှတ်–၅၇၆၊ အကျယ်အဝန်း(၀.၀၈၂)ဧကရှိ ဒေါ်ခင်မျိုးသန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး (မြေကွက်လိပ်စာမှာ – အမှတ်–၁၉၄၊ ခရေလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့) အား ယခုရောင်းချသူ ဒေါ်ခင်မျိုးသန့် [၁၂/လမန(နိုင်)၀၂၆၉၁၀]မှ မိမိတစ်ဦးတည်းအမည်ပေါက် လက်ရောက်ပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၀၇၁၄)**
**ဖုန်း–၀၉–၂၅၀၅၁၆၉၈၀**

## ဒေါ်မြင့်ရွှေ[၁၂/သဃက(နိုင်)၁၀၀၆၂၃] နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၉၉၄)ဟု ခေါ်တွင်သော မြေနှင့်နေအိမ်တွင် ကျွန်ုပ်တို့၏အမှုသည် ဒေါ်တင်ဆွေသန်းနှင့် ခင်ပွန်းဖြစ်သူ ဦးလှမိုးတို့ သည်(၁၈–၇–၂၀၁၄)ရက်နေ့တွင် မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာအရ မင်္ဂလာဆောင်ခြင်း၊ ထိမ်းမြား လက်ထက်ခြင်းများ ပြုလုပ်၍နေထိုင်ခဲ့သည်မှာ ယခုအချိန်ထိဖြစ်ပါသည်။

ဦးလှမိုးသည် (၂၉–၈–၂၀၂၄)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်းသိရှိရပါသည်။ ၎င်းမကွယ်လွန်ခင်က အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်တို့ကို ဦးရွှေနု [၁၂/ဒဂန(နိုင်) ၀၂၀၀၅၀] ထံသို့ရောင်းချခဲ့ရာ ငွေအပြေအကျေပေးချေခြင်း မရှိသေးသောကြောင့် ကျွန်ုပ်တို့အမှုသည် ဒေါ်တင်ဆွေသန်းသည် ယခုအချိန်ထိ တရားဝင်အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်လျက်ရှိပါသည်။

ဒေါ်တင်ဆွေသန်းသည် ခဲအိုဖြစ်သူ ဦးအေးဟန် ကျန်းမာရေးမကောင်းသောကြောင့် မြောက်ဥက္ကလာပဆေးရုံကြီးတွင်ဆေးကုသမှုခံယူခဲ့ရသဖြင့် အထက်ဖော်ပြပါနေအိမ်အား(၇–၉–၂၀၂၄)ရက်နေ့တွင် သော့ခတ်၍ ဆေးရုံသို့လည်းကောင်း၊ ဦးအေးဟန်၏ နေအိမ်သို့လည်းကောင်း၊ သွားရောက် ပြုစုစောင့်ရှောက်ခဲ့ရာ ဦးအေးဟန်ပြန်လည်နေကောင်းသဖြင့် ဒေါ်တင်ဆွေသန်းသည်(၁၄–၉–၂၀၂၄) ရက်နေ့တွင် မိမိနေအိမ်သို့ ပြန်လာရာတွင် ၎င်းနေထိုင်သည့်နေအိမ်အား ခတ်ထားသည့် သော့အပေါ်၌ ဒေါ်မြင့်ရွှေဆိုသူနှင့် အပေါင်းအပါများမှ ထပ်မံ၍သော့ခတ်သွားပြီး အထက်ပါမြေနှင့် နေအိမ်အား ရောင်းချခြင်းမပြုရန် စာကပ်သွားကြောင်း အထောက်အထားများအရသိရှိရပါသည်။

သို့ဖြစ်ပါ၍ ယခုကြေညာသည့်နေ့မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်တို့အမှုသည်အနေဖြင့် နေအိမ်အား ဝင်ထွက်သွားလာ၍မရအောင် ထပ်မံသော့ခတ်ပိတ်ဆို့သွားသူ ဒေါ်မြင့်ရွှေအပါအဝင် ပူးပေါင်းဆောင်ရွက်သူများမှ ခတ်ထားသောသော့ကိုဖြုတ်ပေးစေလိုပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကျွန်ုပ်တို့၏အမှုသည် တောင်းဆိုမှုကို လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်တင်ဆွေသန်း**
**[၁၂/ဒဂရ(နိုင်)၀၀၄၇၅၈]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲထွန်း(စဉ်–၅၃၄၀) ဒေါ်အေးမာလှိုင်(စဉ်–၁၃၃၇၂)**
**(LL.B, D.B.L, D.M.L, D.A.Psy)၊ (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်အမှတ်(၄၈၇/က)မြေညီထပ်၊ အောင်ဇမ္ဗူလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ ထူပါရုံ(၁၆)လမ်းအနောက်၊ အမှတ်(၇၉၉/က)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက် ဆောက်လုပ်ဆဲ အဆောက်အဦရှိ အခန်းအမှတ်(A–3)၊ ဒုတိယထပ်၊ အကျယ်အဝန်း (၁၇ ပေ x ၅၄ ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့် ရှိသူ ဒေါ်မြင့်သီတာချို [၁၂/ဗဟန(နိုင်)၀၀၂၅၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့် ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၂၇)**
**အမှတ်(C–2A)၊ အခန်းအမှတ်(၁၁၀)၊ Botahtaung Time Square အိမ်ရာ၊ ကုန်သည်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇/အရှေ့၊ မြေကွက်အမှတ်–၃၇၀၊အကျယ်အဝန်း(၄၀ပေ x ၆၀ပေ) ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် ဆောက်လုပ်ဆဲ အဆောက်အဦရှိ မြေညီထပ်၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၇ ပေ x ၅၄ ပေ)ခန့်ရှိ အမှတ်(၁၉)၊ အောင်သပြေ(၅)လမ်း အနောက် (၇/အရှေ့ရပ်ကွက်)၊ သာကေတမြို့နယ်ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသည့် ၁။ ဦးကျော်ဆန်း [၁၂/ဒပန(နိုင်)၀၄၀၆၀၀]၊ ၂။ ဦးသောင်းလှ [၁၂/ဒဂတ(နိုင်)၀၄၅၃၅၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့် ရှိသည် ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၂၇)**
**အမှတ်(C–2A)၊ အခန်းအမှတ်(၁၁၀)၊ Botahtaung Time Square အိမ်ရာ၊ ကုန်သည်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူးဉာဏရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၂၄၈)ရှိ (အလျား ၃၇ ပေx အနံ ၉၅ ပေ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးရွှေကြိုး (ခ) ဦးရွှေဂျိုး[၁၄/ညတန(နိုင်) ၀၁၃၀၄၅]က တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသိန်းဟန် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၄၃၁)**
**ဒေါ်အိရွှေစင် (LL.B,D.B.L,D.I.L) ဦးရဲမျိုးမင်းကျော် (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၇၁၇) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၉၀၀)**
**ရုံးခန်း–အမှတ်(၄၉၃)၊ ဝေဘာဂီလမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၁၆၁၄၁၉၅၊ ၀၉–၇၆၉၀၈၆၉၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ် (၁၂ဘီ/၃၈)၊ ဧရိယာ(၀.၀၈၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၂ဘီ/၃၈)၊ နာနတ်တောလမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်အမည်ပေါက် ဦးမြင့်ထွန်း(ခ)စိုင်းလွန်[၂/လကန(နိုင်)၀၁၁၅၄၈]၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (ခင်ပွန်း)ဖြစ်သူ ဦးမြင့်ထွန်း(ခ)စိုင်းလွန်သည် (၂၄–၇–၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဌေးဌေးဝင်း [၁၂/ကတတ(နိုင်)၀၁၀၀၄၇]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ ၅၅၈၃/၁၃–၆–၂၀၁၇ဖြင့်ရရှိသူ ဦးရဲအောင်ဝင်း [၁၂/အစန(နိုင်)၀၄၅၂၃၁]မှ ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၄/၂၁၅/၂၀၂၄ (၃–၄–၂၀၂၄)၊ အမည်ပေါက် (ခင်ပွန်း)ဖြစ်သူ ကွယ်လွန်သည့်အချိန်မှစ၍ မြန်မာဗုဒ္ဓဘာသာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ကျမ်းကျိန်ဆိုသူ တစ်ဦးတည်းသာ အမွေဆက်ခံသူအဖြစ် ကျန်ရှိခဲ့ပြီး အခြားအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့ခြင်းမရှိပါကြောင်းကို လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်–၄/၂၁၉/၂၀၂၄ (၃–၄–၂၀၂၄) ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ နှစ်(၆၀)ဂရန်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပေါက်ကုံကျေးရွာတွင်နေထိုင်သော ဦးနေဝင်း၏ သမီး မနေခြည်ရှန်းလဲ့ဝင်း သည် ပတ်စ်ပို့စာအုပ်အမှတ် (MB–066231)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးကြပါရန်။

**Ph:09–687343610**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ကံဆွယ်ရပ်)၊ ဦးပိုင်အမှတ်(၈၀–က)၊ မြေဧရိယာ(၀.၀၈၁)ဧကရှိ ဦးလှအောင် အမည်ပေါက် မြို့မြေကွက်အား ဒေါ်မြတ်နိုးဇင်(ဘ) ဦးသန့်ဇင် [၉/လဝန(နိုင်)၁၇၈၀၅၉]မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀+၂၁)(ဝေဇယန္တာအိမ်ရာ)၊ မြေကွက်အမှတ်(၂၆)၊ အကျယ်အဝန်း(၂၇၈၀)စတုရန်းပေ၊ ဧရိယာ(၀.၀၆၄)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၁/စီ)၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ ၈/ တောင် ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် (၁) **ဒေါ်ရီရီသိန်း** [၁၂/စခန(နိုင်)၀၂၇၅၅၆]နှင့် (၂)**ဒေါ်မြင့်ရီ**[၁၂/အစန(နိုင်)၀၂၉၀၂၂]တို့၏ အမည်ပေါက်တည်ရှိပြီး အမည်ပေါက်များထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၄၄၁/၂၀၂၂)ရရှိထားသူ **ဒေါ်ရွှေစင်သွေး** [၁၂/ဥကမ(နိုင်)၁၇၈၁၃၇]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ခင်နှယ်နှယ်** [၁၂/ကမရ(နိုင်)၀၃၅၀၇၃]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နှယ်နှယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)**
**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၇)လမ်း(အရှေ့)၊ အမှတ်–၂၉၀ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်(ဝဲဘက်)အခန်း၊ အကျယ်အဝန်း(၁၃'၆''x၅၅')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်စန်းစန်းထွေး[၁၂/သကတ(နိုင်)၁၁၅၈၅၃]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သွယ် [၈/ရနခ(နိုင်)၀၀၇၄၀၀]က ဝယ်ယူကာ ရောင်းဖိုးငွေများအား အပြေအကျေ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထိုကြောင့် အဆိုပါ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား အပြီးအပိုင် လက်ရောက် လွှဲပြောင်းရယူ ပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကေသီဖြိုးကျော်**
**(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၃၁၇၈)**

**ဦးဟန်လင်းအောင်**
**(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်–၅၆၆၆၈)**

**အမှတ် –၇၅၁(ပ–ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း–၀၉–၈၈၆၆၉၅၉၆၆၊**
**ဖုန်း–၀၉– ၄၂၄၁၆၈၉၈၉၊ ၀၉–၉၇၂၁၂၈၂၁၅**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ယောမင်းကြီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ်(၁၆၈၇)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးဝင်းကြည် [၁၂/မဂတ(နိုင်)၀၁၄၁၄၃]အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသူ ဦးစန်းနိုင် [၁၂/လကန(နိုင်) ၀၇၀၃၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင် [၈/ပဖန(နိုင်)၁၀၁၅၁၇]က အပြီးအပိုင်ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စကိုအကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ် စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်[၈/ပဖန(နိုင်)၁၀၁၅၁၇]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လဲ့ဝေ (LL.B., D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၉၁)**
**အမှတ်– ၁၃၊ ဆေးရိုးတန်းလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၄၇၅၆၅၀၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ (၄၈)လမ်း၊ တိုက်အမှတ်(၁၇၃)၊ မြေညီ(ဝဲခန်း)၊ အကျယ်အဝန်း(၁၂'. ၆''x ၅၈')ရှိ (ဟောင်ကောင်–၂လွှာ)တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွှယ်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ် စာချုပ်များဖြင့် ဥပဒေနှင့်အညီတရားဝင်ဝယ်ယူခဲ့ပြီး လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသူ ဒေါ်ခင်သီတာပြုံး[၁၂/လမတ(နိုင်)၀၀၇၂၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်း [၁၂/ဗတထ(နိုင်)၀၃၀၁၄၅]က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို အကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ် စာတမ်းအထောက်အထားမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်မင်း [၁၂/ဗတထ(နိုင်) ၀၃၀၁၄၅]၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လဲ့ဝေ (LL.B., D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၉၁)**
**အမှတ်– ၁၃၊ ဆေးရိုးတန်းလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၄၇၅၆၅၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီ(၁၁)လမ်း၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၇၅၅)၊ အလျား ၆၀ ပေ x အနံ ၄၀ ပေ အကျယ်အဝန်းရှိ တကကအောင်တီ အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမျိုးမင်းထိုက်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးမျိုးမင်းထိုက်သည်(၁၇–၇–၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သိင်္ဂီဝင်း [၁၀/ဘလန(နိုင်)၀၅၈၇၁၀]မှ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးနိုင်ထွန်းဦးမှ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံခိုင်မာသော စာမှတ်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူမွန်မောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၆၇၉)(၁၅–၁၂–၂၀၁၆)**
**အမှတ်(၈၃)၊ သူရသသတီလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–761618107**

# မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)၊ အခြေခံပညာအထက်တန်းကျောင်း၊ G-11တွင် ပညာသင်ကြားနေသော မခြိမ့်ခြူးခေတ်၏ ဖခင်အမည်မှန်မှာ ဦးညီညီဝင်းထွဋ် [၁၂/ဒဂမ(နိုင်)၀၁၈၇၆၉]ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ထက်ဝင့်ဝါလင်း [၁၂/ဥကတ (နိုင်)၂၂၃၀၄၀] ဖြစ်ပါသည်။

## "သမီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ တိုက်(ဂ)အခန်း(၁၄)၊ ရတနာသစ်အိမ်ရာ(၄)ရပ်ကွက်တွင် နေထိုင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးစိုး[၁၂/ဒပန(နိုင်)၀၀၂၂၈၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သမီးဖြစ်သူ မရည်မွန်ကျော်[၁၂/ဒပန(နိုင်)၀၄၇၅၀၄] နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

(ဦးကျော်တင့်)နှင့် ဒေါ်စိုးစိုး တို့၏ သမီးကြီးဖြစ်သူ မရည်မွန်ကျော် [၁၂/ဒပန(နိုင်)၀၄၇၅၀၄] ကိုင်ဆောင်သူသည် မိခင် ဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် ၎င်း၏ သဘောဆန္ဒအလျောက်မိခင်ဖြစ်သူအား အဆက်အသွယ်မပြုဘဲ ဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးဆောင်ရွက်နေပါ၍ ကျွန်ုပ်မိတ်ဆွေသည် သမီးအဖြစ်မှ စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ မရည်မွန်ကျော်နှင့် ပတ်သက်ဆက်ဆံမှုမရှိတော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝသည် မိခင်ဖြစ်သူအပါဝင် မိသားစုဝင်များနှင့် မည်သို့မျှမသက်ဆိုင်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြကေခိုင်**
**(LLB, DBL, TTI, CFS, Strategic Organization Management)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၃၄)**
**ဖုန်း-၀၉-၄၀၅၂၂၀၂၉၈၊ ၀၉-၆၇၉၃၇၂၀၉၅**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးကိုကိုမောင် [၉/နထက(နိုင်)၁၆၃၇၉၅] နှင့် ဒေါ်ငယ်ဇော်ထွေး [၈/ရစက(နိုင်)၁၇၉၃၄၉] တို့သည် ၂၀၁၃ခုနှစ်မှ စ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ( ၇-၈-၂၀၂၄) ရက်နေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိပြုစာချုပ် ချုပ်ဆို ကွာရှင်းခဲ့ကြပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ဆွေ LL.B,DBL,DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၁၂၄၉)**
**အမှတ်(၉၆)၊လေးထောင့်ကန်လမ်းမကြီး၊ ဆ/က ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၈၈၁၈၈၃၈၂ ၊၀၉၇၇၄၄၃၃၉၅၄**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခဆိုင်ခန်းအိမ်ရာ၊ ရတနာလမ်း၊ အမှတ်-ဘီ(၄/၁၀)တွင် နေထိုင်သော ဦးကျော်ဝဏ္ဏစိုး [၁၃/သနန(နိုင်)၀၃၆၉၄၉]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number – T/2024/002383 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

Blue Flame

**လျှောက်လွှာနံပါတ် – T/2024/002383**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားအား ဂတ်စ်(Gas)ဘူးအကြီး/အသေးအမျိုးမျိုး၊ ဂတ်စ်(Gas)မီးဖိုအကြီး/အသေးအမျိုးမျိုးနှင့် ဂတ်စ် (Gas) ဘူးအသေးအမျိုးမျိုးတို့ကို မိမိတို့ကိုယ်တိုင်ထုတ်လုပ်၍ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ ရောင်းချခြင်း၊ Online မှ တစ်ဆင့် ရောင်းချပေးခြင်းများတို့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပ သုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဝဏ္ဏစိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ယွန်းမြတ်သွယ်** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၇၈၁)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်သန်း (N/OKA-၀၃၄၆၆၈) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၁၀၀၀) ပါမစ်မြေအမျိုးအစား အကျယ်အဝန်း (၄၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ် အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးခင်မောင်ဦး [၁၄/အမန(နိုင်)၀၁၁၃၈၁]နှင့် ဒေါ်ရင်ကြည် [၁၄/အမန(နိုင်)၀၁၁၂၈၄] တို့က ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးခင်မောင်ဦးနှင့် ဒေါ်ရင်ကြည်တို့က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မ ဒေါ်အေးအေးချို [၁၂/မရက(နိုင်) ၀၀၀၉၃၆] က စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးချို**
**[၁၂/မရက(နိုင်)၀၀၀၉၃၆]**
**အမှတ် (၁၃၃)၊ လင်းပင်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်**
**(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဆက်သွယ်ရန်- ၀၉ - ၄၂၁၁၄၀၉၅၉၊ ၀၉ - ၂၅၄၃၁၃၈၃၅၊ ၀၉ - ၆၈၀၅၉၃၁၅၀**

## ကန့်ကွက်နိုင်ကြောင်းကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၁၂/က)၊ အမှတ်(၁၂/က)၊ မပေဘ်သဓာလမ်း၊ (၁၂)ရပ်ကွက်၊ ပါမစ်မြေအမည်ပေါက် ဒေါ်ထွေးဖြစ်ပြီး ဒေါ်ထွေး၏ သားသမီးများဖြစ်ကြသော ဒေါ်ခင်မာကြည်၊ ဦးမြင့်အောင်ထွန်း၊ မအေးအေးမြင့်၊ ဦးမြတ်စိုးတို့ထံမှ ဧရိယာ (၁၀'x၆၀')အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှိုင်ထွဏ်း (စဉ် - ၂၀၃၁)B.A (Law) LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် (၂၉/B/ဥယျာဉ်လမ်း)၊ ငါးထပ်ကြီးနောက်ပိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်
09 - 254445506/09 - 448046036

## ဦးအောင်ညွှန့် (CZ-၀၄၁၄၆၅) ကိုင်ဆောင်သူ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၆၊ မြေကွက်အမှတ်-၁၄၇၃(က)၊ အကျယ်အဝန်း (အလျား ၂၀ပေxအနံ ၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးအောင်ညွှန့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်နိုင်လင်း[၁၄/လပတ(နိုင်) ၁၁၅၂၉၉]က ဝယ်ယူ လက်ရောက် ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ကို တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်နှင့် လာရောက် ဆက်သွယ်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၈၂)**
**အမှတ်-၉၊ ၁၅၇လမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၃၀၅၇၄၆၀၊ ၀၉-၆၉၅၇၄၇၉၉၇**

## "အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၁/၁)၊ ထွန်းသစ္စာ (၃) လမ်း၊ မြေကွက်အမှတ် (၄၃၄) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၄၀)ပေ×အနံ(၆၀)ပေရှိ မြေကွက်သည် ဗိုလ်မှူးသော်တာငြိမ်း အမည်ပေါက်ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ အကျယ်အဝန်း အလျား×အနံ (၂၀×၆၀) ပေ ပါမစ်မူရင်းမြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးထွန်းရွှေ (၁၂/ရကန(နိုင်)၀၁၉၀၄၄) မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်ဇင်မာဝင်း (၇/ကပက(နိုင်)၀၆၆၆၆၄) နှင့် ဒေါ်ချိုချိုဝင်း (၇/ကပက(နိုင်)၁၀၃၀၂၀) တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအဖြစ်ပေးချေထားပြီးဖြစ်၍ကန့်ကွက်ရန်ရှိပါက (၃၀. ၉. ၂၀၂၄) ရက်နေ့နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်ဇင်မာဝင်းနှင့်ဒေါ်ချိုချိုဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** (စဉ် - ၁၈၀၆၉) ၊ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ရပ်ကွက်(၁၀)နေ ဦးကျော်ဆန်း [၁၀/ခဆန(နိုင်)၀၅၄၅၁၉] နှင့် ဒေါ်စန်းနွဲ့ [၁၀/ခဆန(နိုင်)၀၀၅၅၈၇] ကိုင်ဆောင်သူတို့၏ သားကြီး မောင်ကျော်မျိုးကိုကို [၁၀/ခဆန(နိုင်)၁၁၃၀၄၃]နှင့် သားငယ် မောင်လွင်မျိုးကိုကို [၁၀/ခဆန(နိုင်) ၁၃၅၀၉၃] ကိုင်ဆောင်သူတို့သည် မိဘများ၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မောင်ကျော်မျိုးကိုကိုသည် (၃-၄-၂၀၁၆)ရက်နေ့တွင်လည်းကောင်း၊ မောင်လွင်မျိုးကိုကိုသည် (၃၀-၉-၂၀၂၃)ရက်နေ့တွင် လည်းကောင်း မိမိတို့၏ သဘောဆန္ဒအရ နေအိမ်မှ ထွက်ခွာသွားသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်ကျော်မျိုးကိုကို၊ မောင်လွင်မျိုးကိုကိုတို့နှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့် လူမှုရေးကိစ္စ၊ ငွေရေးကြေးရေးကိစ္စ၊ အခြားမမျှော်မှန်းနိုင်သည့်ကိစ္စများ ပေါ်ပေါက်လာခဲ့လျှင် ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးကျော်ဆန်း၊ ဒေါ်စန်းနွဲ့တို့နှင့် လုံးဝ (လုံးဝ) မပတ်သက်ပါကြောင်း၊ တာဝန်မယူပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဆန်း နှင့် ဒေါ်စန်းနွဲ့တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းနိုင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၀၇၃) (၄-၁၂-၂၀၁၈)**
**ရုံးရပ်တောင်ပိုင်းရပ်ကွက်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသီသီဟန်[၇/ညလပ(နိုင်)၂၃၉၀၀၁]၏ နိုင်ငံကူးလက်မှတ်စာအုပ် (နံပါတ်မသိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း– 09–780812991**

## ဖခင်အမည်မှန်

နတ်တလင်းမြို့နယ်၊ တာပွန် အ.ထ.က G-12မှ မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော် [၇/နတလ(နိုင်)၀၄၆၆၂၂]ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် ၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက် ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၀၀၁) ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်သိန်း(ကွယ်လွန်) [၁၂/ဗဟန(နိုင်)၀၈၀၁၄၆] ၏ သား၊ သမီးများဖြစ်ကြသော ဒေါ်ပိုပို [၁၂/ဗဟန(နိုင်)၀၈၀၅၀၂]၊ ဦးအောင်သန်း [၁၂/ဗဟန(နိုင်)၀၈၀၅၀၃]၊ ဦးမြသန်း [၁၂/ဗဟန(နိုင်)၀၈၀၅၀၄] နှင့် ဒေါ်မြင့်မြင့်မွေး [၁၂/ဗဟန(နိုင်)၀၃၄၈၉၅] တို့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း တင်ပြသူ ဦးမျိုးမျိုးထွန်း [၅/ဘတလ(နိုင်)၁၁၁၂၀၅] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်-(၃၇)တွင်တည်ဆောက်ထားသည့်(၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃-လွှာ)၊ ခြေရင်းခန်းအခန်းအမှတ်-(၂-ဘီ)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ) ရှိရေမီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်သက်တည်ဦး [၁၂/မဂဒ(နိုင်)၀၁၃၃၆၈]မှ အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူကာ မိမိသာ တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အခြားသူတစ်ဦး တစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ဒေါ်အေးအေးမော်[၇/မလန(နိုင်)၀၀၆၆၄၂] အားရောင်းချရန်ကမ်းလှမ်းသဖြင့် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသောကြောင့် ပိုင်ရေး ဆိုင်ခွင့်ရှိသူများမှ ကန့်ကွက်လိုပါကယနေ့မှစ၍(၇)ရက်အတွင်းအထောက် အထားမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမော်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်အိအိနိုင်** |
| **(LL.B, D.B.L,D.I.L,D.M.L)** | **(LLB)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၅၃၇)** | **(စဉ်-၄၉၂၇၃)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ ၉-လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## "အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၆၂၄/၆၂၅)၊ အခန်း(၀၀၂)တွင် နေထိုင်သူ ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်နီနီအောင် [၁၂/ပဘတ(နိုင်)၀၂၅၉၉၂]၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ဖခင်ကြီးဦးဝင်းနိုင်(ကွယ်လွန်)နှင့် မိခင်ကြီး ဒေါ်နီနီအောင်တို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-(၂၀၀)တွင်နေထိုင်သူ ဒေါ်ဆုရည်မွန်အောင် [၁၂/ပဘတ(နိုင်)၀၃၃၃၁၂]သည် မိဘအား စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ခြင်း၊ မိခင်ကြီး၏ယုံကြည်မှုကိုလည်းကောင်း၊ မိခင်ကြီး၏ပိုင်ဆိုင်မှု ပစ္စည်းများအား အကြိမ်ကြိမ်အလွဲသုံးစားလုပ်ခြင်း၊ မိဘ၏ သွန်သင်ဆုံးမမှုကိုလည်း နာခံခြင်းမရှိဘဲ စိတ်ထင်ရာလုပ်ကိုင်ခြင်း၊ ယင်းသို့ပြုမူခြင်းများကြောင့် မိခင်ကြီး၏ ဂုဏ်သိက္ခာကျဆင်းစေခဲ့ရသဖြင့် ၎င်း၏အထက်ပါ ပြုလုပ်ခဲ့မှုများကြောင့် သမီးဖြစ်သူ ဒေါ်ဆုရည်မွန်အောင်အား ဤကြေညာသည့်နေ့မှအစပြု၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် မိခင်ကြီးက ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**အမှုသည်ဒေါ်နီနီအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဝတ်ရည်သင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၉၇)**
**အမှတ်-၂၈၅ (က)၊ ဗိုလ်မိုးကြိုးလမ်း၊ (၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၇၇၈၅၀၂၃၇၊ ၀၉-၉၇၅၅၇၅၂၈၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၁၁၀၇၊ ပြည်ထောင်စုလမ်းမ၊ ၂၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်-၁၁၀၇၊ ဧရိယာ (၀. ၀၅၆)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံ ခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးတင်အုန်း[၁၂/သကတ(နိုင်)၀၄၈၃၈၉]အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်အပြီးအပိုင် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သည့်မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၂၁၁၊ အကောက်ခွန်(၇)လမ်း၊ ၃၉(ဘီ)-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၃၉/ဘီ၊ မြေကွက်အမှတ်-၂၁၁၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးအုန်းသန်း(၂)(AA-၀၁၆၁၅၀) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက် ဖခင်နှင့်မိခင်တို့ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်သည့် ဦးရဲထွန်း [၁၂/ဗတထ(နိုင်)၀၁၉၁၆၆]၊ ဒေါ်တင်မြတ်မိုး[၁၂/ဗတထ(နိုင်)၀၁၉၀၆၁]နှင့် ဦးလှိုင်ထွေး [၆/ကသန (နိုင်)၀၀၀၃၂၃] တို့မှ အဆိုပါမြေနှင့်အိမ်အား တရားဝင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/တောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ်(၃၉) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၇) ထပ်တိုက်၏ ပထမထပ် (၂-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်နီနီအောင် [၁၂/လမတ (နိုင်) ၀၂၇၂၈၄] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်LL.B** | **ဒေါ်အိဖြိုးဇင် LL.B, DBL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၇၅)** |
| **ဖုန်း ၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း ၀၉ - ၇၉၀၁၂၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ စမ်းချောင်းကျောင်းတိုက်လမ်း၊ အမှတ်(၅)ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံ၏အခန်းအမှတ် (၅၀၂)၊ ၅-လွှာ၊ အကျယ်အဝန်း (၁၆၁၃) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကွန်ဒိုတိုက်ခန်းရောင်းချသူ ဒေါ်အေးအေးနိုင် [၁၂/လမန(နိုင်)၀၁၉၅၃၈] မှ ပိုင်ဆိုင်သော ကွန်ဒိုတိုက်ခန်းဖြစ်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေများက ဒေါ်အေးအေးနိုင်ထံမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ကြပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာမွေး LL.B, M.P.A, D.B.L, D.M.L, D.I.L, D.APsy, D.I.R, D.G.I**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၄၈)**
**အမှတ် (၁၄၄/၁)၊ နံ့သာဖြူလမ်း၊ (၁၄/၃) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၂၅၀၊ ၀၉-၉၇၀၃၄၈၈၄၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ နတ်စင်ကုန်းကျေးရွာ၊ ဦးပိုင်အမှတ်(၁၃၈၅/၅)၊ ကွင်းအမှတ်(၆၆၉)ဧရိယာဧက (၀.၁၃)အတွင်းမှ မြေကွက်အမှတ်(၃)ရှိ (အလျား x အနံ) (၂၀ ပေ x ၆၀ ပေ)အတွက် ဧရိယာဧက(၀.၀၂၇၅ )ကေရှိ ခြံနှင့်နေအိမ်ကို ဦးညီညီအောင် [၁၀/ကထန(နိုင်)၀၉၇၁၇၀]မှ ပိုင်ဆိုင်သည့် နေအိမ်နှင့်ခြံမြေကွက်ကို ၎င်းမှရောင်းချမည်ဆိုသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ် ယမုံနာ(၂)ရပ်ကွက်၊ စံပြ(၃)လမ်း၊ အမှတ်(၂၆၇)နေ ကျွန်ုပ်၏အသိမိတ်ဆွေ ဦးမြင့်ခိုင်[၁၂/မဂတ(နိုင်)၀၆၇၃၇၃] မှ (၁၄-၉-၂၀၂၄)ရက်နေ့တွင် စရန်ငွေ တချို့ ပေးချေခဲ့ပါသည်။ ကျွန်ုပ်၏အသိမိတ်ဆွေမှ ဦးညီညီအောင်အား အထက်တွင်ဖော်ပြသော အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ စရန်ငွေပေးချေပြီး ဖြစ်၍ အပြီးသတ်ရောင်းဖိုးငွေများကို စရန်ငွေပေးချေသည့်နေ့မှ (၂)ပတ် အတွင်း ထပ်မံပေးချေ၍ အပြီးသတ်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ပြုလုပ်မည်ဖြစ်သော အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ ( ၂ )ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်နေခြည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၇၀) (၂၃-၁၂-၂၀၁၄)**
**အမှတ်(၄၅၂)၊ ကံဦးကျောင်းလမ်း၊ ဘုရားကုန်း၊ သန်လျင်မြို့။**
**Ph:09-422692152**

## "လင်မယားအဖြစ်ကွာရှင်းပြတ်စဲသွားပြီဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွံတန်းလမ်း၊ အမှတ်(၁၉)တွင်နေထိုင်သူ ကိုကျော်ဇေလတ် [၈/ဆပဝ(နိုင်)၀၆၃၃၃၀] ကိုင်ဆောင်သူသည် မဆွေဇင်ဝင်း (ဘ) ဦးစိုးမြင့် [၁၂/ကမတ(နိုင်)၀၆၃၀၂၇] ကိုင်ဆောင်သူနှင့် (၁၄-၁-၂၀၁၈) ရက်နေ့က စတင်ပေါင်းသင်းခဲ့ပြီး တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့၍ နှစ်ဦးသဘောတူညီကြပြီး (၁၆-၉-၂၀၂၄) ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၌ပင် "အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်၍ ကျွန်တော် ကိုကျော်ဇေလတ်နှင့် မည်သို့မှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ကြောင်းနှင့် ကျွန်တော့်အား နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လူလွှတ်၍ပြောဆိုခိုင်းခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုခြင်းများမပြုလုပ်ရန်နှင့် နောက်နောင် မဆွေဇင်ဝင်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကိုကျော်ဇေလတ်**
**[၈/ဆပဝ(နိုင်)၀၆၃၃၃၀]**
**အမှတ် (၁၉)၊ ကွမ်းရွံတန်းလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ မြေကွက်အမှတ် (၇၇၈/ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) အနက်မှ (၁၀ ပေ x ၆၀ ပေ) ရှိ ဦးတင်ညွန့် နှစ်(၆၀) ဂရန်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၇၈/ခ)၊ ယုဇနလမ်း၊ (၅၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မိုး [၁၁/မပတ(နိုင်)၀၆၉၂၇၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုမြတ်မွန် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၂၇၁)**
**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၄၁၉၉၈၉၃**

## ကန့်ကွက်တင်ပြနိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄-ဂျီ-၁)၊ မြေကွက်အမှတ် (V-၄၁)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ ဧရိယာ (၂၅' x ၅၀') (၀.၀၂၉) ဧကနှင့် မြေကွက်အမှတ်(V-၄၂)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ ဧရိယာ (၂၅' x ၅၀') (၀.၀၂၉)ဧကရှိ မြေကွက်(၂)ကွက်အား ဦးမြတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ရန် အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားဝင်အမွေဆက်ခံခွင့်ပြုပါရန် ဦးမြ၏သားဖြစ်သူ ဦးမောင်မောင်စိုးမှ အသနားခံတင်ပြလာမှုအပေါ် ၁၉၈၇ ခုနှစ်၊ မရွေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့သို့ တင်ပြရမည်ဖြစ်ပါသဖြင့် ဖော်ပြပါကိစ္စနှင့်စပ်လျဉ်းပြီး ကန့်ကွက်လွှာတင်သွင်းလိုပါက ဤဥပဒေပါ လုပ်ထုံးလုပ်နည်းအပိုဒ်(၁၄)၏ ပြဋ္ဌာန်းချက်နှင့်အညီ ကန့်ကွက်လွှာကို ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ဗိုလ်တထောင်ခရိုင် စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**အဖွဲ့ခေါင်းဆောင်**
**ဗိုလ်တထောင်ခရိုင်စုံစမ်းစစ်ဆေးရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ တကောင်း(၄)လမ်း၊ အမှတ်(၄၉၇/က) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၉၇/က)၊ အကျယ်အဝန်း (၂၀' x ၆၀')၊ (၁၂၀၀)စတုရန်းပေရှိ ဦးကျော်ကျော်ဦး [၁၂/တမန(နိုင်)၀၉၇၃၂၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ အမည်ပေါက်၏ဇနီး ဒေါ်ယမင်းဖြူ [၁၂/မဂတ(ဧည့်)၀၀၀၃၈၇]ထံမှဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်စီစီမာ [၁၂/မရက(နိုင်)၁၃၃၆၆၄] က မြေကွက်၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ဝင်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် LL.B., BSc. Engg (EC)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၃၇၁)**
**အမှတ် (၆)၊ မြေညီ(ယာ)၊ ၁၆၁-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၀၅၁၈၁၊ ၀၁-၅၅၇၉၁၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ လူနေရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၃၇၃)၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အနက်မှ တရားဝင်ခွဲစိတ်ပြီးဖြစ်သော အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)၊ စတုရန်းပေ(၁၂၀၀)ရှိ ဒေါ်ဝတ်ရည်ထွန်း [၁၂/ဒဂမ(နိုင်)၀၁၉၉၆၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရှုပါရုံလမ်း၊ အမှတ်(၃၇၃/ခ)ဟု ခေါ်တွင်သော RC(၂)ထပ်တိုက်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်ဝတ်ရည်ထွန်း [၁၂/ဒဂမ(နိုင်)၀၁၉၉၆၃]ထံမှ စာချုပ်အဆက်စပ်ဖြင့် ဒေါ်ဝတ်ရည်မြင့် [၁၂/ရကန(နိုင်)၀၅၉၆၈၂] က ဝယ်ယူပိုင်ဆိုင်ထားသည်ဟုအဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**LL.B(Q), D.B.L, P.D.C.W.E, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၂၅/၂၀၁၂)**
**အမှတ်(၇၀၂)၊ ဗိုလ်တေဇလမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**Ph:09-250000587, 09-799606825**

## ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဖြိုးဝေလမ်း၊ ဒေါ်သောင်းရင်အမည်ပေါက် (၄၀ x ၆၀)ပေ၊ ပါမစ်မြေမှ တရားဝင်(မခွဲစိတ်)(၂၀x ၆၀)ပေ၊ ခြံဝင်းခတ်မြေအား ဦးကောင်းဇော်ထက်မှဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီးသော မြေကွက်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်သည် ဦးငြိမ်းမောင်[၉/မလန(နိုင်)၁၀၂၇၄၂] မှဝယ်ယူပိုင်ဆိုင် လက်ရှိထားပြီးနောက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည်ကိုယုံကြည်၍ ဦးကောင်းဇော်ထက်[၈/ ရနခ(နိုင်)၁၃၂၇၅၁]မှ (၁၅-၉-၂၀၂၄)ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီးသော မြေကွက်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးကောင်းဇော်ထက်၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ၊ အထက်ဖော်ပြပါမြေကွက်ပေါ်သို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်း၊ လွှဲပြောင်းခြင်း အစရှိသည်တို့ ပြုလုပ်ခြင်းမရှိပါရန်နှင့် ဦးကောင်းဇော်ထက် လက်ဝယ်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| ဒေါ်သူဇာအောင် | ဒေါ်ရီနွယ်သန်း | ဒေါ်ဝင်းဝင်းခိုင် |
|---|---|---|
| LLB, D.B.L, D.I.L, | LL.B | LL.B |
| WIPO(G.C.I.P Switzerland) | (စဉ်-၅၅၁၇၁/၂၂) | (စဉ်-၅၅၇၈၇/၂၃) |
| (စဉ်-၁၁၈၇၉/၁၇) | အထက်တန်းရှေ့နေများ | |
| တရားလွှတ်တော်ရှေ့နေ | | |

**ရုံး-မြောက်ဒဂုံတရားရုံးအနီး၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၀၉၉၃၇၊ ၀၉-၇၆၄၂၀၆၁၂၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ ပေ(၈၀ x ၈၀)၊ မြေကွက်အမှတ်(ဒ-၃၁၂၄၄)၊ ဦးစံကိုကိုတင့်ဆန်း(ဘ)ဦးတင့်ဆန်း [၁၂/သကတ(နိုင်)၁၅၃၄၂၈] အမည်ပေါက် မြေကွက်၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင် တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ၍ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ် (မူရင်း)အား ပယ်ဖျက်၍ မိတ္တူမှန် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပေးပါရန်ကြေညာခြင်း

(၁၃-၉-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၈)တွင် "ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းအများသိစေရန်" ကြေညာချက်တွင်ပါရှိသော "ဖားကူးအနောက်ကျေးရွာ" ကို "ဝင်းခနီးကျေးရွာ" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းသန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၁၅/၁၃)**
**အမှတ်-၁၈၊ ရွှေဝါလမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၇၉၆၃၄၈၈၇၉**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဒေါ်လှခင်လမ်း၊ အမှတ်(၄)၊ အကျယ်အဝန်း (အလျား ၄၆ ပေ x အနံ ၁၀၀ ပေ) ရှိ မြေပိုင်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်း [၁၂/မရက(နိုင်)၀၂၆၄၄၆] ထံမှဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဒေါ်အေးခိုင်[၈/ဆပဝ(နိုင်)၀၂၀၄၀၆] နှင့် ဒေါ်စီစီမာ [၁၂/မရက(နိုင်)၁၃၃၆၆၄] တို့က မြေကွက်၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် LL.B., BSc. Engg (EC)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၃၇၁)**
**အမှတ် (၆)၊ မြေညီ(ယာ)၊ ၁၆၁-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၀၅၁၈၁၊ ၀၁-၅၅၇၉၁၂**

## ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဇလပ်ဖြူကွန်ဒို၊ ရွှေဂုံတိုင်လမ်း၊ တိုက်အမှတ်(၂၉၄/၃)၊ (၈)ထပ်တိုက် ကွန်ဒိုအဆောက်အဦမှ Level (6)၊ အခန်းအမှတ်(၅/B) ကွန်ဒိုတိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ ကွန်ဒိုတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းဇော်ဝင်း [၁၃/လရန(နိုင်)၀၁၁၀၀၈] ထံမှ ဒေါ်စောဝင်းမာ [၁၁/စတန(နိုင်)၀၆၀၄၀၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်းတန်ကြေးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ၊ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စောဝင်းမာ ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း တိုက်အမှတ်(၁)၊ (၂)ခန်းတွဲ(၅)ထပ်တိုက်အမျိုးအစား၊ ပထမထပ်၊အခန်း(၁/B)ဟု ခေါ်တွင်သော (အလျား ၁၂ ပေ x အနံ ၅၀ ပေ)အကျယ်အဝန်းရှိ (တိုက်အားမျက်နှာမူလျှင် ညာဘက်ခြမ်း) နေအိမ်တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်တပ်ဆင်ပါရှိသော ရေမော်တာ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါနေအိမ်တိုက်ခန်းနှင့်တကွ ရေမော်တာ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ **ဒေါ်မေကောင်းစံ [၁၂/သလန(နိုင်)၁၉၉၄၈၆]** ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းအထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်မေမီဇင် [၁၂/သဃက(နိုင်)၁၇၅၂၇၄]** | **ဒေါ်ရည်မွန်အောင် (LL.B) အထက်တန်းရှေ့နေ (စဉ် - ၅၀၆၁၂)** |

**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၉၇၉၄၇၀၄၄၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တိုးချဲ့(၁)ရပ်ကွက်၊ ယူအီး(၁)၊ သခင်ခင်ဇော်လမ်း၊ မြေကွက်အမှတ်(၄၃၃)၊ အကျယ်အဝန်း (၄၀ x ၆၀) ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ဦးလှမြင့်အမည်ပေါက် ပါမစ်မူရင်းခြမ်း (ခေါင်းရင်းဘက်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဟေမာဝင်း [၁၀/ကထန(နိုင်)၀၉၅၉၇၀] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၅၈)**
**အမှတ်(၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၉-C)၊ ဂုန်ညင်းနီတော (အရှေ့ကွင်း)၊ ကုန်းတလပေါင် စံပြကျေးရွာ(တောင်ပိုင်း)၊ ရွှေစေတီဘုရားလမ်း၊ မြေကွက်အမှတ်(၁၀၁)၊ အိမ်အမှတ်(တ/၂) ဟုခေါ်တွင်သော ဥယျာဉ်ခြံမြေ (လန/၃၉) ကျပြီး မူလမြေကွက်ကြီး၏ အနောက်မြောက်ထောင့်နှင့် ရွှေစေတီဘုရားလမ်းထောင့်ရှိ (၆၀ x ၁၀၀) ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ( ၃၀ x ၆၀ ) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မဥ္ဇူထိုက် [၉/အမဇ(နိုင်)၀၃၀၈၀၄] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၆**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၂/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ★**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားစဉ်။

## MFF Women Futsal Invitation Cup 2024

## ပြိုင်ပွဲတွင် YRG အသင်း ဗိုလ်စွဲ

**နေပြည်တော် စက်တင်ဘာ ၁၆**

MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို စက်တင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ YRG အသင်း ဗိုလ်စွဲခဲ့သည်။

**စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❂**




ချန်ပီယံဆုရရှိခဲ့သည့် YRG အသင်း။


**ယနေ့ ဖတ်စရာ**

**ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဘောရစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား**

စာမျက်နှာ » ၁၃

**ကမ္ဘောဇဘဏ်လီမိတက်က ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၀ ဘီလီယံ လှူဒါန်းရန် ခွင့်ပြုထားရှိ**

စာမျက်နှာ » ၁၆

**နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ပျောက်ဆုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်အပါအဝင် အခြေခံအဆောက်အအုံနှင့် လမ်းတံတားများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်**

စာမျက်နှာ » ၁၇